# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၃၉)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်၊ ၄-၈-၂၀၂၆၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်မည်

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီ ရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် (Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌနှင့် တွေ့ဆုံခြင်းတို့အပြင် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်ပြီး စီးပွားရေးဖိုရမ်သို့ တက်ရောက်သွားရန်ရှိပါသည်။

ခရီးစဉ်အတွင်း မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်

## မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၃

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၃ သို့ ⁜

## အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဆောင်ရွက်ဆဲ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၃

အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်စခန်းရှိ အဆောက်အအုံများနှင့် နိုင်ငံပိုင်စက်/ယာဉ် ယန္တရားများနှင့် ဆက်စပ်ပစ္စည်းများ၊ တည်ဆောက်ရေးလုပ်ငန်းသုံးစက်ပစ္စည်းများ၊ မီးစက်များ၊ အရည်အသွေး

စာမျက်နှာ ၄ သို့ ★

၂၀၂၆ ခုနှစ် ဇူလိုင်လက စက်မှုလျှပ်စစ်ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးမှုများကိုအသေးစိတ်စစ်ဆေးဆောင်ရွက်နေစဉ်။



## မြစ်သားမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ၇၀၅ ဧက လျာထားစိုက်ပျိုး

မြစ်သား ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ယခုနှစ်တွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် မိုးသီးနှံနေကြာ ၇၀၅ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၆-၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြစ်သားမြို့နယ်အတွင်း စားသုံးဆီဖူလုံပိုလျှံရေး ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲ၊ နေကြာ စသည့် ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိရာ ကျေးလက်နေ တောင်သူများအနေဖြင့် မိုးသီးနှံနေကြာ ၇၀၅ ဧက စိုက်ပျိုးခြင်းကို ဇူလိုင်ပထမပတ်က စတင်စိုက်ပျိုးပြီး နေကြာတစ်မျိုးတည်းသီးသန့်တန်းခြားနှစ်ပေ၊ ပင်ကြားကိုးလက်မဖြင့် စိုက်ပျိုးကြသည်။

ဆောင်းသီးနှံနေကြာစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အထွက်နှုန်းများတိုးတက်စေဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့အတွက် ဒေသနဲ့ကိုက်ညီတဲ့မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်အောင်နှင့် နေကြာသီးနှံစိုက်ပျိုးခြင်းကို သီးသန့်စိုက်ပျိုးကြသလို အခြားသီးနှံများနဲ့ရောနှောကာ သီးညှပ်စိုက်ပျိုးမှုကိုလည်း စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဝါဝါမြင့်(မြစ်သား)



## လေးမျက်နှာမြို့နယ် ငဝန်တာ တာမိုင် ၂၅ မိုင် ၃ ဖာလုံနေရာ တာကိုယ်ထည် နိမ့်ကျရေစီးဝင်မှုအပေါ် ကာကွယ်ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃

လေးမျက်နှာမြို့နယ် ငဝန်တာ တာမိုင် ၂၅ မိုင် ၃ ဖာလုံနေရာ တာကိုယ်ထည် နိမ့်ကျရေစီးဝင်မှုအပေါ် ကာကွယ်ထိန်းသိမ်းနိုင်ရေး တာအတွင်း ဝင်ရောက်နေသော ကွင်းရေများလျော့ကျစေရေးအတွက် ဦးစားပေးအနေဖြင့် တာ၏ မြစ်ဘက်ခြမ်းတွင်ရှိသော ကမ်းရင်း(စွန့်ပစ်)တာပေါင်ဟောင်းရှိ အလျားပေ ၃၀ ရေဝင်ပေါက်ပိတ်ခြင်း၊ ရေဝင်ပေါက်အနီး ဘေးနှစ်ဖက်တွင် ရေတိုက်စားမှုသက်သာစေရန် အရေးပေါ်

စာမျက်နှာ ၃ သို့ ◆



၂၀၂၆ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ အင်္ဂါနေ့။

မန္တလေး

## ရည်မှန်းချက် လိုအင်ဆန္ဒများအတွက် ထာဝရ ကြိုးစားနေရမည်

လူသားတိုင်း ဖြတ်သန်းရသော ဘဝခရီးတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကြိုးစားပြုမူ နေထိုင်ကြရမည်ဖြစ်သည်။ ကြိုးစားမှုဆိုသည်မှာ တစ်စုံတစ်ခုသောရလဒ်အတွက် အားထုတ်ခြင်းကိုဆိုလိုသည်။ ဖြတ်သန်းရမည့် မိမိတို့၏ရည်ရွယ်ချက် ရည်မှန်းချက် လိုအင်ဆန္ဒများအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ထက်ထက်သန်သန်ဆောင်ရွက်ခြင်းသည် ကြိုးစားမှုဖြစ်သည်။ တစ်နည်းအားဖြင့် ကြိုးစားမှုသည် ကိုယ့်အားကိုယ်ကိုးခြင်းဖြစ်သည်။ ကြိုးစားမှုတွင် ယုံကြည်ချက်လည်း အရင်းခံသည်။ အခက်အခဲမှန်သမျှကို နည်းအမျိုးမျိုးဖြင့်ကျော်ဖြတ်မည်ဟူသော စွမ်းရည်သည် ကြိုးစားမှုစိတ်ဓာတ်ဖြစ်သည်။

မိခင်ရင်ခွင်မှ မိမိကိုယ်မိမိအားကိုး၍ လျှောက်လှမ်းနိုင်သည့်အရွယ်သို့ရောက်ကတည်းက မိမိ၏ဘဝရပ်တည်မှုအတွက် နိဒါန်းစကာ ကြိုးစားခဲ့ကြသည်။ သို့မှသာ လူပီသမည်ဖြစ်သည်။ လူမှန်လျှင် ပညာရှာရမည်။ စားဝတ်နေရေးအတွက် အလုပ်လုပ်ရမည်။ ထိုအခါ ကြိုးစားအားထုတ်မှုပါဝင်လာသည်။ ကြိုးစားမှုတိုင်းသည် အချည်းအနှီးမဖြစ်ပါ။ လုပ်သားတစ်ဦးသည် ကျောက်တုံးကြီးကို ထုခွဲသည်။ တစ်ချက်၊ နှစ်ချက်ထုရုံနှင့် ကျောက်တုံးက မကွဲ၊ အချက်ပေါင်းများစွာ ထုတော့လည်းမကွဲ။ နောက်ဆုံးအချက်တွင် ကျောက်တုံးကွဲသွားသည်။ ထိုသို့ကျောက်တုံးကွဲခြင်းသည် နောက်ဆုံးအချက်ကြောင့်မဟုတ် ရှေ့ကကြိုးစားထုခဲ့သော အချက်ပေါင်းများစွာကြောင့် ကျောက်တုံးကြီးကွဲရခြင်းဖြစ်သည်။ မိမိတို့၏ကြိုးစားအားထုတ်မှုသည် တစ်ချိန်ချိန်တွင် အကျိုးသက်ရောက်မှုကို ခံစားရမည်ဖြစ်သည်။

ထို့ပြင် ကံ၊ ဉာဏ်၊ ဝီရိယ သုံးမျိုးရှိရာတွင် ကံလည်းကောင်းသည်။ ဉာဏ်လည်းကောင်းသည်။ ဝီရိယဟူသော ကြိုးစားအားထုတ်မှုမရှိလျှင် မည်သည့်နည်းနှင့်မျှ အောင်မြင်မှုကို မရရှိနိုင်ပါ။ အချို့သောသူများသည် ကံကိုယုံကြည်ကြသည်။ ကံကောင်းလျှင် အောင်မြင်မည်ဟုထင်မှတ်ကြသည်။ အမှန်မှာ ကံဆိုသည်မှာ ကြိုးစားအလုပ်လုပ်ခြင်းဖြစ်သည်။ အလုပ်လုပ်ခြင်းသည်သာလျှင် ကံကောင်းခြင်း၏ ရေသောက်မြစ်ဖြစ်သည်။ သီးလုံးဆရာတော်က "လောကလူ့ရွာ၊ ဘုံဓမ္မတာတွင် ကံသာလျှင်အမိဟု ဆိုရိုးရှိလည်း ဝီရိယလျှင် ဉာဏ်နှင့်ယှဉ်မှ စီစဉ်သမျှကိစ္စဝယ် လုံးဝအောင်မြင်ဖြစ်လိမ့်ပင်" ဟု ဆိုထားသည်။ ထို့ကြောင့် ကံကိုမယုံဘဲ ဝီရိယဖြင့် ကြိုးစားရန်လိုအပ်မည်ဖြစ်သည်။

ပျင်းရိခြင်းသည်လည်း အောင်မြင်မှုမရအောင် အတားအဆီးပြုသည့် ရန်သူဖြစ်သည်။ ပျင်းရိသူတို့သည် ကြိုးစားအားထုတ်ရန် နေရွှေ့ညရွှေ့ လုပ်တတ်သောကြောင့် အောင်မြင်မှုပန်းတိုင်ဆီသို့မရောက်နိုင်ဘဲ လမ်းတွင်ကြန့်ကြာနေတတ်သည်။ မည်သို့ပင် အရည်အချင်းရှိသူ တော်သူဖြစ်သော်လည်း ပျင်းရိနေက အကျိုးမထူးနိုင်ပါ။ ထို့ပြင် ပျင်းရိ၍ တာဝန်ချိန်ပျက်ကွက်သောသူသည်လည်း တိုးတက်လာမည့် အခွင့်အရေးများ မေးမှိန်လာမည်ဖြစ်သည်။ အစွမ်းအစရှိသော်လည်း ကြိုးစားအားထုတ်မှုနည်းသောသူတို့သည် အစွမ်းအစနည်းသော်လည်း ကြိုးစားအားထုတ်မှုရှိသူတို့၏အောက်သို့ ကျရောက်တတ်စမြဲဖြစ်သည်ကို လူတိုင်းသတိပြုသင့်သည်။

သို့ဖြစ်ရာ ကြိုးစားအားထုတ်မှုရလဒ်ကောင်းသည် အောင်မြင်မှု၏ အဖူးအပွင့်ဖြစ်သည်။ အရည်အချင်းရှိသော လူတစ်ဦးဖြစ်စေရန် ထာဝရကြိုးစားနေရမည်ဖြစ်သည်။ ထို့ကြောင့် နာရီတိုင်း၊ စက္ကန့်တိုင်း ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် တက်ကြွနိုးကြားနေရမည်ဖြစ်ရာ မိမိတို့၏အနာဂတ်သည် မိမိတို့၏ကြိုးစားအားထုတ်မှုအပေါ်တွင် မူတည်နေပါကြောင်း ရေးသားလိုက်ရပေသည်။

## လူသုံးကုန်ထုတ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးအတွက် ယနေ့နံနက် ၁၀ နာရီက လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ကျောက်ဆည်မြို့နယ် အရှေ့ငယ်တိုးကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က သင်တန်းမှပို့ချပေးသော နည်းပညာများကို လက်တွေ့အကျိုးရှိစွာ အသုံးချသွားရန် အမှာစကားပြောကြားခဲ့ပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်းက စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်းနှင့် တာဝန်ရှိသူများက သင်တန်းသူ၊ သင်တန်းသားများအား သင်တန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ အခြေခံနည်းပညာများကိုလည်းကောင်း၊ ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ မွမ်းမံသင်တန်းကိုလည်းကောင်း စာတွေ့လက်တွေ့ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းတွင် ထူးချွန်သူ ၅ ဦး ကိုရွေးချယ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်တင်ထွေး**

၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀

၀-၀-၀-၀

## MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေး Talk Show ပြုလုပ်

**မိုင်းယောင်း ဩဂုတ် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ " MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်" ခေါင်းစဉ်ဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေး Talk Show ကို ယနေ့တွင် ပြုလုပ်သည်။

အဆိုပါ Talk Show တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ကျွမ်းကျင်-၃(ရုပ်သံ) ဒေါ်နန်းစီဖေါင်းတို့က နိုင်ငံတော်အစိုးရအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME လုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်နိုင်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်ကြောင်း၊ နည်းပညာ၊ ငွေကြေးနှင့် ဈေးကွက်အခွင့်အလမ်းများကို ပိုမိုရရှိစေရန်အတွက် မဟာဗျူဟာများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုမြင့်မားလာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း စသည်များကို ဆွေးနွေးခဲ့သည်။

အလားတူ "ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး" ခေါင်းစဉ်ဖြင့် ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးနှင့် "ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေး" ခေါင်းစဉ်ဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး Talk Show များကိုလည်း ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

၀-၀-၀-၀-၀

## မန္တလေးတိုင်းဒေသကြီးအတွင်း ဆန်စပါးဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ဆန်စပါးဈေးနှုန်းတည်ငြိမ်ရေးအတွက် စားသုံးသူရေးရာဦးစီးဌာနနှင့် သက်ဆိုင်ရာ ဆန်စပါးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်မည့် အစီအမံများ ရေးဆွဲတင်ပြနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက မန္တလေးတိုင်းဒေသကြီးအတွင်း ဆန်စပါးဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များဖြစ်သည့် ဆန်စပါးသယ်ယူပို့ဆောင်ဖြန့်ဖြူးရေးလုပ်ငန်းများ လွယ်ကူအဆင်ပြေရေး၊ ဈေးကွက်ထိန်းညှိမှုအဖြစ် အရန်ဆန် ဝယ်ယူသိုလှောင်နိုင်ရေး၊ ဆန်စပါးစိုက်ပျိုးမှု၊ ကြိတ်ခွဲမှုများနှင့်ပတ်သက်သော ကုန်ကျစရိတ်များ လျှော့ချနိုင်ရေး၊ ဈေးကွက်စောင့်ကြည့်ရေးနှင့် ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးအတွက် စုပေါင်းလယ်ယာမြေစနစ် ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် ဆန်စပါးလုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိသူများက လုပ်ငန်းစဉ်အကောင်အထည်ဖော်နိုင်ရေး ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် သဘောတူဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

## ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်က ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။



ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်း၊ ၁၇၁ စစ်ဒေသနိုင်ငံရေးမှူး ဦးထင်ဆမ်ရှန်း၊ တပ်မဟာ ၄၈၅ တပ်မဟာမှူး ဦးပေါက်ကျွင်းလုံ၊ တပ်မဟာ ၄၆၈ နိုင်ငံရေးမှူး ဦးကျောက်ရှောက်ဖူ၊ ဒုတိယစစ်ဦးစီးမှူး ဦးလီကော်ဖျင်နှင့် လားရှိုးဆက်ဆံရေးရုံး တာဝန်ခံ ဦးကျောက်ညီရန်းတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယနေ့တွေ့ဆုံဆွေးနွေးပွဲသည် အစိုးရသစ်တက်လာပြီးနောက်ပိုင်း “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) နှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ညှိနှိုင်းရေး ကော်မတီအနေဖြင့် ပန်ဆန်းမြို့ တွေ့ဆုံဆွေးနွေးပွဲမှ ဆွေးနွေးခဲ့သည့် ဒေသဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအား ဆက်လက်တင်ပြပေးခဲ့ကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)နှင့် ပိုမိုကောင်းမွန်သည့် နိုင်ငံရေးအခင်းအကျင်းများရရှိလာရေးအတွက် အသေးစိတ် ဆက်လက်ဆွေးနွေးပေးစေလိုကြောင်းနှင့် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတရာထူးတာဝန် ထမ်းဆောင်ခြင်းကို ထပ်လောင်းဂုဏ်ပြုအပ်ပါကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေးဟူသော အခြေခံမူကို တစိုက်မတ်မတ် စောင့်ထိန်းကာ ပြည်ထောင်စု စနစ်အတွင်း အခြေပြု၍ နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့သည် နိုင်ငံတော်အစိုးရက ရှေ့ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ခံပြီး သဘောထားကွဲလွဲမှုများကို ဖြေရှင်းနိုင်ရန် အမြဲလိုက်နာကျင့်သုံးလျက်ရှိကြောင်းနှင့် ပြည်သူလူထု၏ လုံခြုံမှုကို အခြေခံအုတ်မြစ်အဖြစ် ခိုင်မာစေကာ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုစသည့် အမျိုးမျိုးသော ပြစ်မှုဆိုင်ရာများကို ပြင်းပြင်းထန်ထန် တိုက်ဖျက်နှိမ်နင်းသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

### ဆွေးနွေး

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(ငြိမ်း)က “ဝ” ပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSP) ၏ နိုင်ငံရေးလိုလားချက်နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်မည့်အစီအမံများကို ဆွေးနွေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)က နိုင်ငံတော်အစိုးရ ရှေ့ဆက်လက်ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွင် ပိုမိုပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာမူဘောင်ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ၂၀၂၆ ခုနှစ် ဇွန် ၁၈ ရက်က ပန်ဆန်းမြို့၌ NSPNC ဥက္ကဋ္ဌအဖွဲ့နှင့် UWSP အဖွဲ့တို့ တွေ့ဆုံဆွေးနွေးမှုတွင် နှစ်ဖက်အကြား အဆင့်မြင့်တိုက်ရိုက် ဆက်သွယ်ဆက်ဆံမှု ပိုမိုမြှင့်တင်နိုင်ခဲ့ပြီး နေပြည်တော်သို့ ရောက်ရှိဆွေးနွေးနိုင်မှုအဆင့်ထိ ရောက်ရှိစေခဲ့ကြောင်း၊ NSPNC နှင့် UWSP အကြား ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ထားရှိခြင်းဖြင့် ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များ အကောင်အထည်ဖော်မှုအပေါ် ပိုမိုအထောက်အကူဖြစ်စေပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးသို့ ဦးတည်ရောက်ရှိစေနိုင်မည်ဖြစ်ကြောင်း လက်တွေ့ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံပြီး လက်တွေ့ကျသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်နိုင်ရေးတို့ကို ဆွေးနွေးပြီး ဆွေးနွေးပွဲပထမနေ့ကို ရပ်နားလိုက်သည်။

ဆွေးနွေးပွဲဒုတိယနေ့ကိုဩဂုတ် ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

◆ လေးမျက်နှာမြို့နယ်မှ

ရေလွှဲတန်းရိုက်ခြင်း၊ ဝါးထရံကာခြင်း၊ သဲအိတ်ချခြင်း၊ Geo Bag (ကမ်းပြိုကာကွယ်ရေးအိတ်) များချခြင်းစသည့်လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြီးကြပ်စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

#### ပူးပေါင်းဆောင်ရွက်

ထို့ပြင် အကျယ်ပေ ၂၀၀ ခန့်နှင့် အနက်ပေ ၂၀ ခန့်ရှိသော ရေဝင်ပေါက်အား ပိတ်ဆို့၍ ရေဝင်ပမာဏလျော့နည်းစေရေး ရေစီးဝင်ရာလမ်းကြောင်းတွင် အတားအဆီးများပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့် သံကိုယ်ထည်အဟောင်းများတွင် သဲကျောက်ဖြည့်နှစ်မြှုပ်၍ ရေစီးလမ်းကြောင်း အောက်ခြေပိုင်းအား ထိန်းသိမ်းကာကွယ်တားဆီးရေး၊ Geo Bag အိတ်များ Gabion box ကျောက်ခြင်းများ ချထားဆောင်ရွက်နိုင်ရေးအတွက် တွဲဖက်အသုံးပြုနိုင်မည့် ရေယာဉ်များ၊ လုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်သို့ အမြန်ဆုံးရောက်ရှိရေး၊ ပန်းတာရေတိုက်စားမှု ပိုမိုမကျယ်ပြန့်စေရေးနှင့် ယခုမိုးရာသီကာလတွင် ပန်းတာကို ပိုမိုတောင့်တင်းစေရန်၊ ရေဘေးကာကွယ်နိုင်ရန် ဆက်လက်ပြုပြင်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာနအနေဖြင့် ပန်းတာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခြားလိုအပ်သည့် စက်ယန္တရားများကိုလည်း အသင့်စုစည်းဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုအပ်သည့်ပြင်ဆင်မှုများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❖ မိုးတိမ်တောင်များမှ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ (၂/၂၀၂၆) အစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၃

ချေးငွေအစီအစဉ်တွင် ခွင့်ပြုထားသည့် ဘဏ် ၁၀ ဘဏ်နှင့် Finance Company နှစ်ခုအနက် ယနေ့အစည်းအဝေးတွင် ဘဏ်ခြောက်ဘဏ်နှင့် Finance Company တစ်ခုတို့မှ တင်ပြလာသည့် ချေးငွေအမှုတွဲ ၁၁ ခုကို တင်ပြခဲ့ရာ နိုင်ငံ့ဝန်ထမ်းသုံးဦးနှင့် လုပ်ငန်းခုနစ်ခု အပါအဝင် စုစုပေါင်း ချေးငွေ ၁၀ ခု အတွက် ချေးငွေပမာဏ ငွေကျပ် ၆ ဒသမ ၈၆ ဘီလီယံကို ဗဟိုကော်မတီ အဖွဲ့ဝင်များက စိစစ်အတည်ပြုခဲ့ကြောင်း အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှု ဗဟိုကော်မတီ (၂/၂၀၂၆) အစည်းအဝေးမှသိရသည်။



အစည်းဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော် ဇမ္ဗူသီရိ ခန်းမဥက္ကကျင်းပရာ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦးက အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတော်က ထည့်ဝင်ပံ့ပိုးသော ရန်ပုံငွေဖြင့် ချေးငွေအစီအစဉ်များ ပံ့ပိုးနိုင်ရန်အတွက် ယခု ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးထားခြင်းဖြစ်ပါကြောင်း၊ ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းအဖွဲ့က စိစစ်တင်ပြလာသော ချေးငွေများကို ချေးငွေဆိုင်ရာ စံပြုလုပ်ငန်းစဉ် SOP ပါ စံသတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ဆုံးဖြတ်ပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းများ ဖြစ်သည့်အတွက် အောင်မြင်မှုရရှိအောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အစည်းဝေးသို့ ရန်ပုံငွေ ကြီးကြပ်မှုဗဟိုကော်မတီ အဖွဲ့ဝင်များဖြစ်သည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ ဒုတိယစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများနှင့် အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



ပျက်စီးသွားသည့် စီမံကိန်းချဉ်းကပ်လမ်းအား ၂၀၂၆ ခုနှစ် ဇူလိုင်လက ပြန်လည်ပြုပြင်နေမှု အခြေအနေကို တွေ့ရစဉ်။

★ ရွှေဖုံးမှ

ထိန်းသိမ်းရေးရုံးရှိ ပစ္စည်းကိရိယာများ၊ မိုးလေဝသနှင့် ဇလဗေဒတိုင်းတာရေးစခန်းရှိ တိုင်းတာရေး ကိရိယာပစ္စည်းများ၊ နိုင်ငံခြားမှ တင်သွင်းတပ်ဆင်ရသော စက်မှုလျှပ်စစ်ပစ္စည်းများ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများအား ခိုးယူ/ဖျက်ဆီးခြင်းခံခဲ့ရကာ ကျောက်မဲမြို့ စီမံကိန်းအခြေစိုက်စခန်းအတွင်းရှိ ရုံးအဆောက်အအုံတစ်လုံးနှင့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းနေအိမ်တစ်လုံးလည်း မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ယခုအချိန်တွင် ကျောက်မဲမြို့ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းအတွင်း ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုကြောင့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းတွင် ငွေကျပ်သန်း ၈၀၀ ခန့်နှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းတွင် အဆောက်အအုံများနှင့် မြို့ပြတည်ဆောက်မှု လုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းများ၊ စက်/ယာဉ် ယန္တရားများ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအတွက် ငွေကျပ် ၂၆ ဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

ထို့ပြင် နိုင်ငံခြားမှတင်သွင်းတပ်ဆင်ရသော စက်မှုလျှပ်စစ်ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးမှု တန်ဖိုးသိရှိနိုင်ရန်၊ အဆိုပါပစ္စည်းများ တင်သွင်းတပ်ဆင်ရန် စာချုပ်ချုပ်ဆိုလုပ်ငန်းအပ်နှံထားသော နိုင်ငံခြားကုမ္ပဏီနှင့် ဌာနမှ ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များပူးပေါင်း၍ အသေးစိတ်စစ်ဆေးခြင်းနှင့် တန်ဖိုးသင့် တွက်ချက်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နယ်မြေလုံခြုံရေးအခြေအနေများ ကောင်းမွန်ပြီးနောက် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်အတွင်းသို့ သက်ဆိုင်ရာ တပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဝန်ထမ်းများ ပူးပေါင်း၍ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဦးစွာဆောင်ရွက်ခဲ့ပြီး ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းရုံးနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့၍ ကျောက်မဲမြို့တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီး ပြန်လည်ရရှိသည်နှင့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်း အခြေစိုက်စခန်းတွင် ထရန်စဖော်မာများ ပြန်လည်တပ်ဆင်၍ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်စခန်းတွင် စီမံကိန်းအဝင်လမ်းများ ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ စီမံကိန်းရှင်းလင်းဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေမီးရရှိရေးလုပ်ငန်းများနှင့် တည်ဆောက်ရေး လုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိပြီး ပျက်စီးဆုံးရှုံးခဲ့မှုများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံ၍ ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၏ တောင်ဘက်မိုင် ၂၀ ခန့်အကွာ တောင်ခြေကျေးရွာအနီး ဒုဌဝတီမြစ်(မြစ်ငယ်မြစ်) ပေါ်တွင်တည်ရှိသည်။ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း ၂၈၀ မဂ္ဂါဝပ်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် စီမံကိန်းတစ်ခုလုံး၏ ၅၃ ဒသမ ၉၅ ရာနှုန်းကို ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ အထက်ရဲရွာရေအား လျှပ်စစ်စီမံကိန်းအား ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းတစ်ခုလုံးပြီးစီးပါက ပျမ်းမျှလျှပ်စစ်ဓာတ်အားယူနစ် ၁၄၀၉ သန်း နှစ်စဉ်ထုတ်လုပ်၍ မဟာဓာတ်အားလိုင်းမှတစ်ဆင့် ရှမ်းပြည်နယ် အပါအဝင် မြန်မာနိုင်ငံလူဦးရေ ၃ ဒသမ ၇ သန်းအား လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်မည့် စီမံကိန်းကြီးတစ်ခုဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အားသွန်ခွန်စိုက်ကြိုးပမ်းမှုကြောင့် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

သတင်းစဉ်

# ဒေါ်အောင်ဆန်းစုကြည်ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃

ဒေါ်အောင်ဆန်းစုကြည်ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaude de Baqque က ယနေ့နံနက်ပိုင်းတွင် လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင်ဆုရရှိသော သင်တန်းသားများအား ဆုချီးမြှင့်

မန္တလေး ဩဂုတ် ၃

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသော B.Sc(Sports) ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ကြံ့ခိုင်စွမ်းရည် ငါးမျိုး စစ်ဆေးခြင်းတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီက ကစားရိပ်သာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းမှူး၊ ဒုတိယသင်တန်းမှူး၊ B.Sc(Sports) တာဝန်ခံတို့အား ဆုချီးမြှင့်ခြင်း၊ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် ဆုရရှိသော B.Sc (Sports) သင်တန်းသား၊ သင်တန်းသူများနှင့် ကြံ့ခိုင်စွမ်းရည် စစ်ဆေးခြင်းတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀

၀-၀-၀

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဩဂုတ် ၃

ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ပြိုင်ပွဲကောင်း တစ်ခု ဖြစ်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပြိုင်ပွဲ၏ ရည်ရွယ်ချက်နှင့် အနှစ်သာရများ မပျောက်ပျက်စေရန် တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုက်တွန်းပြောကြားသည်။

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ် အားကစားရုံ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးသန်းမောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ဇင်နှင့် ဒေါက်တာမောင်သင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖူဆယ်နှင့် သဲသောင်ပြင် ဆပ်ကော်မတီမှ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံတွင် ဖူဆယ် အားကစားနည်းကို ၁၉၉၈ ခုနှစ်မှ ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဖလား ဖူဆယ်ပြိုင်ပွဲကို တောင်ဥက္ကလာပ မြို့နယ်ရှိ ပဒေသာဘောလုံး အားကစားကွင်းတွင် စတင်ကျင်းပခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ် မြန်မာ့လက်ရွေးစင်(အမျိုးသား) ဖူဆယ်အသင်းသည် ပထမအကြိမ် နိုင်ငံတကာပြိုင်ပွဲ အနေဖြင့် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Championship နိုင်ငံတကာ ဖူဆယ်ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ကြေးတံဆိပ် တစ်ခု ရရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Championship ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ ၂၀၁၇ ခုနှစ် ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Championship တွင် ကြေးတံဆိပ် တစ်ခုနှင့် ၂၀၁၈ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Club Championship ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ ၂၀၂၅ ခုနှစ် AFF Futsal Club Championship U-16 ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း၊ အလားတူ မြန်မာ့လက်ရွေးစင်(အမျိုးသမီး) ဖူဆယ်အသင်းသည် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အမျိုးသားအသင်းက ကြေးတံဆိပ် တစ်ခု၊ အမျိုးသမီးအသင်းက ကြေးတံဆိပ် တစ်ခုကို ဆွတ်ခူးရရှိခဲ့ကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် ဖူဆယ်အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစား ယှဉ်ပြိုင်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ဆက်လက်တိုက်တွန်းမှာကြားပြီး ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲတွင်ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် အထက(၆) ဇမ္ဗူသီရိမြို့နယ် ဘင်ခရာအဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သုံးသိန်းပေးအပ်ပြီး ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဖူဆယ်(အမျိုးသား) အုပ်စုပတ်လည် ပွဲစဉ်တွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

၂၀၂၆ ခုနှစ်ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲတွင် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်း ၂၅ သင်းတို့က ဩဂုတ် ၃ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ၁၂ ရက်ကြာ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒပြုလာပါက ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၃

တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များ ရရှိရေးဆောင်ရွက်ပေးလျက်ရှိရာ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒပြုလာသူများအား အလုပ်အကိုင်ရရှိစေရေး မြန်မာနိုင်ငံပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MOEAA)နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန၌ ကျင်းပသည့် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ အစည်းအဝေးမှ သိရသည်။

ထို့ပြင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြည်ပသို့အလုပ်သမားစေလွှတ်ခြင်းများ ပိုမိုမြန်ဆန်စေရေးအတွက် မလိုအပ်သည့် လုပ်ငန်းစဉ်များကို ဖြေလျှော့ဆောင်ရွက်ပေးခြင်း၊ ပိုမိုကောင်းမွန်သည့် ပြည်ပလုပ်သားဈေးကွက် ရရှိစေခြင်းနှင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်မှု ပိုမိုရရှိစေခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိသလို ပြည်တွင်း၌လည်း လုပ်သားအင်အားဆုံးရှုံးမှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ကော်မတီက ချမှတ်ပေးထားသော လုပ်ငန်းစဉ်များအောင်မြင်အောင် ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည့်အကြံပြုချက်များရှိပါက အသိပေးတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ ယင်းနောက် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်သည့် ရည်ရွယ်ချက်၊ စည်းကြပ်သည့်ဥပဒေနှင့် အေဂျင်စီများ၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် လျှောက်ထားလာမှုအပေါ် စိစစ်ထုတ်ပေးနေမှုနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးတွင် ဆွေးနွေးမည့် အမှာစာကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက လုပ်ငန်းစဉ်များအလိုက် အကြံပြုဆွေးနွေးသည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

လဲချား ဩဂုတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်တွင် Township Sport Development Programme(TSDP) အစီအစဉ်အရ ကျင်းပသည့် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မြို့နယ်အားကစားကွင်း၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပရိသတ်များက ဗိုလ်လုပွဲစဉ်အဖြစ် ဝမ်ဟိုင်း FC အသင်းနှင့် ရှယ်ပြုံး FC အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြခဲ့ပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အားကစားပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးတစ်ဦးချင်း ဆုရရှိသူများဖြစ်သည့် ဂိုးသမား၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းကစားသမားများကိုလည်းကောင်း၊ တတိယဆုရရှိသည့် မိုင်းကိုင် FC အသင်း၊ ဒုတိယဆုရရှိသည့် ရှယ်ပြုံး FC အသင်းနှင့် ပထမဆုရရှိသည့် ဝမ်ဟိုင်း FC အသင်းတို့ကိုလည်းကောင်း ရွှေဆွဲပြား၊ ငွေဆွဲပြား၊ ကြေးဆွဲပြား၊ ဆုတံဆိပ်များ၊ ဆုဒိုင်းဖလားနှင့် ဂုဏ်ပြုဆုငွေများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ ဘောလုံးအားကစားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း(၁၆)သင်းဖြင့် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၀ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပိုးလောက်လမ်းအန္တရာယ်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်

တောင်တွင်းကြီး ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မီခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ မိုးရာသီတွင်အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားမှု မရှိစေရန် အဘိတ်ဆေးခတ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့ပေါ်ရှိ ရပ်ကွက်(၁၀)ရပ်ကွက် နှင့် လမ်းဘေးရေမြောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့ပေါ်(၁၀)ရပ်ကွက်ရှိ လူနေအိမ်များ၊ လမ်းဘေးရေမြောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများနှင့် သီလရှင်ကျောင်းများရှိ ရေတွင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ခိုအောင်းနိုင်သည့် သောက်ရေအိုးများ၊ ဘုရားပန်းအိုးများ၊ ကားတာယာများ၊ အိုးခွက်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် နေအိမ်များတွင် ချိုင့်ခွက်များရှိပါက မိုးရာသီတွင် ရေအောင်းကာ ခြင်ခိုအောင်းနိုင်သဖြင့် မြေဖို့ခြင်း ဆောင်ရွက်ရန်နှင့် နောက်ဆက်တွဲရောဂါများ ဖြစ်ပွားမှု မရှိစေရန် အဘိတ်ဆေးခတ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းကို ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နောင်နောင်(ဗိသနိုးမြေ)

၀-၀-၀-၀

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ငွေး သပိတ်ကျင်းမြို့နယ်ရှိ ရွှေဝါဝင်းခန်းမတွင် မြို့နယ်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ





**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေးနှင့်အတူ တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်ရှိ ရွှေဝါဝင်းခန်းမတွင် ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့သည် သပိတ်ကျင်းမြို့နယ်ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်၏ လိုအပ်ချက်များနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြောကြားပြီး ဒေသဖွံ့ဖြိုးရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအားဖြင့် တက်ညီလက်ညီအားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ပံ့ငွေ၊ ဆန်၊ ဆီနှင့် စားသောက်ကုန်များ ပေးအပ်ခဲ့ကြောင်းနှင့် အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

## ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန၌ ကျန်းမာရေးဆိုင်ရာ ဇီဝထုတ်ကုန်နည်းပညာများ လွှဲပြောင်းပွဲကျင်းပ




**ကျောက်ဆည် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန၌ ကျန်းမာရေးဆိုင်ရာ ဇီဝထုတ်ကုန်များအတွက် နည်းပညာများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးလှကြွယ်က နိုင်ငံတွေ၏ ဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝသယံဇာတများ ကြွယ်ဝမှုတစ်ခုတည်းအပေါ်မူတည်နေခြင်းမဟုတ်ဘဲ သုတေသန၊ တီထွင်ဆန်းသစ်မှုနှင့် နည်းပညာထုတ်လုပ်မှုနှင့် စီးပွားရေးကဏ္ဍများ အောင်မြင်စွာ အသုံးချမှုအပေါ် ပိုမိုမူတည်လာကြောင်း၊ နည်းပညာလက်ခံယူမည့် လုပ်ငန်းရှင်များအနေဖြင့် လွှဲပြောင်းပေးအပ်လိုက်သည့် နည်းပညာများမှတစ်ဆင့် ပြည်တွင်းသုတေသနရလဒ်များကို အောင်မြင်စွာ အသုံးချပြီး နိုင်ငံတော်၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသော ရလဒ်များ ပိုမိုပေါ်ထွက်လာအောင် ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ) ဒေါက်တာ အေးအေးခိုင်က ဇီဝနည်းပညာသုတေသနဦးစီးဌာနအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇီဝနည်းပညာဖြင့် သုတေသနပြုကာ လက်တွေ့အသုံးချသူ End user အထိ ရောက်အောင် ဦးတည်ဆောင်ရွက်လျက်ရှိပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် နည်းပညာများ ထောက်ပံ့ခြင်း၊ သင်တန်းပေးခြင်းများလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဇီဝထုတ်ကုန်နည်းပညာများလွှဲပြောင်းခြင်းအတွက် သုတေသနပြုထုတ်လုပ်ထားသော သဘာဝအရင်းအမြစ် အခြေပြုအရည်အသွေးမြင့်ထုတ်ကုန်ငါးမျိုးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဦးထွန်းရွှေ (ထွန်းရွှေဝါတိုင်းရင်းဆေးထုတ်လုပ်ရေး)က ဇီဝနည်းပညာသုတေသနဦးစီးဌာနအတွက် လိုအပ်လျက်ရှိသော (၁၀ ပေ×၁၁ ပေ) အလူမီနီယံဓာတ်ခွဲခန်းနံရံကာရံခြင်းအတွက် ပစ္စည်းများနှင့် သုတေသနဓာတ်ခွဲခန်းသုံး ရေခဲသေတ္တာတစ်လုံးပေးအပ်လှူဒါန်းခဲ့ပြီး ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ)က ဦးထွန်းရွှေအား ဂုဏ်ပြုလွှာနှင့် နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ မှတ်တမ်းများပေးအပ်ခဲ့သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက ဇီဝနည်းပညာသုတေသနဦးစီးဌာနအတွက် အားကစားပစ္စည်းများ ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

(၄၈၅)

## အလွတ်တန်းအမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ဆီမီးဖိုင်နယ်တက်ရောက်မည့် ကွာတားဖိုင်နယ် ပွဲစဉ်(၁)နှင့်(၂)ပွဲစဉ်များ ဆက်လက်ကျင်းပမည်

**ပင်းတယ ဩဂုတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့လယ် မြို့နယ်ပြည်သူ့အားကစားကွင်း၌ ယမန်နေ့ရက်မှစတင်ကျင်းပပြုလုပ်လျက်ရှိသည့် ၂၀၂၆ ခုနှစ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်းအမျိုးသားအားကစားဘောလုံးပြိုင်ပွဲကြီး၏ အုပ်စုအဆင့်ပွဲစဉ်များ မောင်မြင်စွာပြီးဆုံး၍ ကွာတားဖိုင်နယ်သို့တက်ရောက်လာသည့် အသင်း(၈)သင်းတို့၏ ဆီမီးဖိုင်နယ်တက်ရောက်မည့် ကွာတားဖိုင်နယ်ပွဲစဉ်(၁)နှင့်(၂)ပွဲစဉ်များကို ဩဂုတ် ၅ ရက်နှင့်ပွဲစဉ်(၃) ပွဲစဉ်(၄)ပွဲများကို ဩဂုတ် ၆ ရက်များတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

မွန်းလွဲ ၁ နာရီ ၃၀ မိနစ်၊ မိုင်းလီဇုန် Vs ပွေးလှဇုန်၊ ညနေ ၃ နာရီ ၃၀ မိနစ်၊ မြို့မ(ပင်းတယ)ဇုန် Vs မြင်းကျဒိုး(က)ဇုန် ဩဂုတ် ၆ ရက် ၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌဖလားအလွတ်တန်းအမျိုးသားဘောလုံးအားကစားပြိုင်ပွဲဆီမီးဖိုင်နယ်တက်ရောက်မည့် ကွာတားဖိုင်နယ်ပွဲစဉ်(၃)နှင့်(၄)ပွဲစဉ်များအဖြစ် မွန်းလွဲ ၁ နာရီ ၃၀ မိနစ် မြင်းကျဒိုး(ခ)ဇုန် Vs မြို့မ(ရွာငံ)ဇုန် ညနေ ၃ နာရီ ၃၀ မိနစ် ရေချမ်းစင်ဇုန် Vs ညောင်ကောက်ဇုန်တို့ဆက်လက်ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်သည်။

ဓနုဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌဖလားဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၈ရက် မွန်းလွဲ ၁ နာရီ ၃၀ မိနစ်နှင့် ညနေ ၃ နာရီ ၃၀ မိနစ်များတွင် အားသွန်ခွန်စိုက်ဆက်လက်ကျင်းပပြုလုပ်၍ နောက်ဆုံးဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားအား ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(၃၃၈)**



အစားအစာအကြွင်းအကျန်မရှိစေရေး စားသောက်မှုပုံစံကို ဂရုစိုက်ပေး။

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးခင်မောင်အေး ကတ္တရာလမ်းထပ်ပိုးလွှာ အဆင့်မြှင့်တင်ခင်းကျင်းခြင်းနှင့် ရေနုတ်မြောင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးခင်မောင်အေး သည် ကော်မတီဝင်(၃) ဦးတင်မောင်ဝင်း၊ လမ်းတံတားဌာန၊ ဌာနမှူး ဦးစိုးနှင်းသိန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၇ လမ်း၊ ၇၃လမ်းနှင့် (ရန်-မန်းလမ်း)ကြား စုစုပေါင်း အရှည်ပေ ၂၀၇၀ အား မူလ လမ်းသားအကျယ် ၂၆ ပေမှ ပေ ၃၀ အကျယ်၊ ကတ္တရာလမ်းထပ်ပိုးလွှာ အဆင့်မြှင့်တင်ခင်းကျင်းခြင်းလုပ်ငန်းအား သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန်က လမ်းဘေးဝဲ၊ ယာတွင် ကတ္တရာလမ်းခင်းကျင်းပြီးပါက လမ်းပခုံးသားတစ်ဖက်လျှင် ၃ ပေစီအကျယ်အား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများကို ဆက်လက်တူးဖော်ဆောင်ရွက်ပေးရန် တာဝန်ခံအင်ဂျင်နီယာအား ဖြည့်စွက်မှာကြားခဲ့သည်။ ဆက်လက်၍ မြို့တော်ဝန်သည် ၁၁၇ လမ်းနှင့် ကိုလံဘိုမြောင်းမကြီးဆုံရာနေရာမှ ရေနုတ်မြောင်းမကြီး၏ ရေစီးရေလာအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်၊ ၁၀၁ လမ်းနှင့် ၁၀၇ လမ်းကြားအတွင်း ၇၃လမ်းမကြီး၊ အရှေ့ဘက်ခြမ်းတစ်လျှောက်တွင် စုစုပေါင်းအရှည် ၂၄၅၆ ပေ၊ အကျယ် ၁၃ ပေ ပလက်ဖောင်းခင်းကျင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ၃ ပေအကျယ် Precast မြောင်းပေါ်၌ မြောင်းဖုံးများတပ်ဆင်ခြင်းလုပ်ငန်းကိုပါ တစ်ပါတည်း ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရန် ဖြည့်စွက်မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်၊ ၁၀၇လမ်းနှင့် ၁၀၈ လမ်းကြား၊ ၅၉(A)လမ်းအား အရှည်ပေ ၈၀၀၊ ၁၄ ပေအကျယ်၊ ကတ္တရာလမ်းပြန်လည်ပြုပြင်ခင်းကျင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနအနေဖြင့် မြို့တွင်းလမ်းများကောင်းမွန်ရေးအတွက် ကတ္တရာလမ်းများ အဆင့်မြှင့်တင်ပြုပြင်ခင်းကျင်းခြင်းလုပ်ငန်းများ၊ ရေနုတ်မြောင်းများပြုပြင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲ ကျင်းပ

**ညောင်ဦး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ညောင်ဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက သင်တန်းဖွင့်ပွဲ မိန့်ခွန်းပြောကြားပြီး ညောင်ဦးခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းက ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။

ထို့နောက် ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းတွင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ခင်းကျင်းပြသထားသည်များကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးရာ ခရိုင်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၃ ရက်မှ ၁၄ ရက်အထိ ခရိုင်မီးသတ်ဦးစီးဌာနရုံးတွင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၁)**

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀-၀



# ကွန်ဟိန်းမြို့၌ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအားတက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဆေးစိမ်ခြင်ထောင်များ ထောက်ပံ့ပေးအပ်

**မန္တလေး ဩဂုတ် ၃**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်အတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာပြည်သူများ၊ ရပ်ကွက်နေပြည်သူများနှင့် မဟာမြိုင်ကျောင်းတိုက်အတွင်းရှိ သံဃာတော် အပါး ၁၇၀ တို့အား မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက မဟာမြိုင်ကျောင်းတိုက်အတွင်း၌ ယနေ့မွန်းလွဲပိုင်းက ဆေးစိမ်ခြင်ထောင်များ(အခမဲ့) ထောက်ပံ့ပေးအပ်သည်။



ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက မိုးရာသီသွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်စေရန် ကျန်းမာရေးအသိပညာပေးဟောပြောမှုများ ပြုလုပ်ပေးခဲ့ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြိုးအိစံဦးစီး၍ မြို့နယ်ကျန်းမာရေးဝန်ထမ်းများက မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက် မဟာမြိုင်ကျောင်းတိုက်အတွင်းရှိ သံဃာတော် အပါး ၁၇၀၊ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာပြည်သူများနှင့် ရပ်ကွက်နေပြည်သူများအား ဆေးစိမ်ခြင်ထောင်များကို (အခမဲ့)ထောက်ပံ့ပေးအပ်ခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဌေးဝင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**အောင်ဇော်မင်း**

၀-၀-၀-၀-၀

# အာရှအနောက်ပိုင်းဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အီရန်၊ ဆော်ဒီနှင့် ပါကစ္စတန် အမြင်ချင်းဖလှယ်ဆွေးနွေး

**တီဟီရန် ဩဂုတ် ၃**

အာရှအနောက်ပိုင်းဒေသ တည်ငြိမ်ရေးနှင့်လုံခြုံရေး ထိန်းသိမ်းရေးအတွက် သံတမန်ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များ၏ နောက်ဆုံးရလဒ်များနှင့် ပတ်သက်၍ အီရန်က ဆော်ဒီအာရေဗျ၊ ပါကစ္စတန်နိုင်ငံများနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဩဂုတ် ၃ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာယိအဗတ်အေရာချီသည် ဆော်ဒီအာရေဗျ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမင်းသား ဖေဇယ်ဘင်ဖာရန်အယ်လ်ဆာဒ်၊ ပါကစ္စတန် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆိုင်ယဒ်အာဆင်းမူနီရ်တို့နှင့် အဆိုပါကိစ္စရပ်များအပေါ် ဖုန်းဖြင့်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

၎င်းဒေသအရေး ဆောင်ရွက်ရာတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံရေးအရအဖြေရှာမှုများမှ ရရှိလာသည့် စွမ်းရည်များကို သုံးစွဲရန်လိုအပ်ကြောင်း အထက်ပါသုံးနိုင်ငံစလုံးမှ တာဝန်ရှိသူများက ပြောကြားသည်။

ဆွေးနွေးမှုများအတွင်း အမေရိကန်နိုင်ငံအား မည်သည့်စွန့်စားမှုမျိုးမှ မပြုလုပ်ရန်နှင့် အီရန်အနေဖြင့် ၎င်း၏ အချုပ်အခြာအာဏာ၊ ပိုင်နက်နယ်မြေပိုင်ဆိုင်မှုနှင့် နိုင်ငံ၏ လုံခြုံရေးတို့အတွက် ကာကွယ်စောင့်ရှောက်ရန် အသင့်ပြင်ထားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက သတိပေးပြောကြားသည်။ အစ္စရေးနှင့် အမေရိကန်အပါအဝင် အီရန်အားတိုက်ခိုက်လာမည့် ဒေသတွင်း မည်သည့်နိုင်ငံကိုမဆို အီရန်တပ်ဖွဲ့က တုံ့ပြန်တိုက်ခိုက်မည်ဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခိုက်မှုများကို စွန့်စားသည့်နည်းလမ်းဖြင့် ဆောင်ရွက်လာပါက ထိုအစီအစဉ်များကို စီစဉ်ဆောင်ရွက်သည့် မည်သူ့တွင်မဆို တာဝန်ရှိကြောင်း ၎င်းကပြောကြားသည်။ မကြာမီက လက်မှတ်ရေးထိုးခဲ့သည့် ငြိမ်းချမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအတိုင်း အမေရိကန်က လိုက်နာဆောင်ရွက်ရန် အီရန်က ဖိအားပေးမည်ဟု အီရန်သမ္မတ မာဆော့ပါဇက်ကီရန်က လူမှုမီဒီယာ အိက်စ်တွင် ပြောကြားသည်။ အဆိုပါစာချွန်လွှာသည် အနာဂတ်ကာလအီရန်နိုင်ငံပြည်ပဆက်ဆံရေး၏အဓိကဗဟိုချက် ဖြစ်လာမည်ဖြစ်ကြောင်းနှင့် အီရန်၊ အီရန်၏ မဟာမိတ်များနှင့် အနောက်အာရှဒေသများ၏ လုံခြုံရေးသည် အဆိုပါနားလည်မှု စာချွန်လွှာအရ ကောင်းစွာရှိနေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ



# ဗီယက်နမ်နိုင်ငံ၏ ဇူလိုင်လ ကုန်သွယ်မှုလိုငွေပမာဏ ဇွန်လကထက် ပိုမိုမြင့်တက်လာသည်ဟု သတင်းထုတ်ပြန်

**ဟနွိုင်း ဩဂုတ် ၃**

ဗီယက်နမ်နိုင်ငံသည် ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၈၇ ဘီလီယံ ကုန်သွယ်မှုလိုငွေ ပြသခဲ့ရာ ဇွန်လ၏ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၄ ဘီလီယံထက် ပိုမိုမြင့်တက်လာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဇူလိုင်လ ကုန်ပစ္စည်း တင်ပို့မှုမှာ ယမန်နှစ်ကထက် ၂၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၃ ဘီလီယံရှိခဲ့ကာ တင်သွင်းမှု ၄၁ ရာခိုင်နှုန်း တိုးတက်ရာမှ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၆၇ ဘီလီယံရှိခဲ့ကြောင်း အမျိုးသားစာရင်းအင်းရုံးက သတင်းထုတ်ပြန်သည်။

ဇန်နဝါရီလမှ ဇူလိုင်လအထိ ပို့ကုန်များ ယမန်နှစ်ကထက် ၂၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၃၂၀ ရှိရာမှ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅ ဘီလီယံအထိ ထွက်ပေါ်ခဲ့ရာ ၂၀၀၈ ခုနှစ်က ဗီယက်နမ်နိုင်ငံ၏ တစ်နှစ်တာ ကုန်သွယ်မှုလိုငွေ အများဆုံး စံချိန်ဟောင်းထက် ကျော်လွန်သွားခဲ့ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## လူပေါင်း ၂၅၀ ထက်မနည်းလိုက်ပါလာသော သင်္ဘော အင်ဒိုနီးရှားပင်လယ်ပြင်အတွင်း မီးလောင်မှုဖြစ်ပွား

**ဂျကာတာ ဩဂုတ် ၃**

လူပေါင်း ၂၅၀ ထက်မနည်း လိုက်ပါလာသော အင်ဒိုနီးရှားကူးတို့သင်္ဘောတစ်စင်း ပင်လယ်ပြင်အတွင်း ယမန်နေ့က မီးလောင်မှုဖြစ်ပွားရာ လူ ၅ ဦး သေဆုံးလျက်တွေ့ရှိထားပြီး ၄၁ ဦး ပျောက်ဆုံးနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့၏ အတည်ပြုချက်အရ အဆိုပါသင်္ဘောသည် နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော ဂျာဗားအရှေ့ပိုင်း ဆူရာဘာယာမြို့မှ ဆူလာဝေဆီတောင်ပိုင်းရှိ မာကာဆာမြို့သို့ ထွက်ခွာလာစဉ် မာဒူရာကျွန်းကမ်းလွန်၌ မီးလောင်မှုဖြစ်ပွားရာ သင်္ဘောမာလိန်မှူးက သတင်းပို့အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှား ဒေသတွင်း သတင်းဌာနက ထုတ်လွှင့်ပြသခဲ့သော ရုပ်သံမှတ်တမ်းတွင် အသက်ကယ်အင်္ကျီ ဝတ်ဆင်ထားသည့် လူအများအပြားကို အသက်ကယ်လှေပေါ်၌ တွေ့ရှိရကြောင်း သိရသည်။

Mon





# ပြင်သစ်နိုင်ငံ၌ စက်မှုစွန့်ပစ်ပစ္စည်း ဂိုဒေါင် မီးလောင်အန့်ဆိုးများကြောင့် လူတို့ကို အိမ်ထဲ၌သာ နေထိုင်စေခဲ့ရ

**ပဲရစ် ဩဂုတ် ၃**

ပြင်သစ်နိုင်ငံ၌ ဩဂုတ် ၂ ရက်က စက်မှုစွန့်ပစ်ပစ္စည်း ဂိုဒေါင်တစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒေသခံများကို ခေါင်းကိုက်စေသည့် အန့်ဆိုးမီးခိုးများ ထွက်ပေါ်ခဲ့သဖြင့် တာဝန်ရှိသူများက လူဦးရေ ၃၀၀၀၀ ခန့်အား နေအိမ်အတွင်း၌သာ ခေတ္တနေထိုင်ကြရန် တိုက်တွန်းခဲ့ရသည်ဟု သိရသည်။

မီးလောင်မှုသည် တနင်္ဂနွေနေ့ နံနက်ပိုင်းက အရှေ့မြောက်ပိုင်းရှိ ဂန်းဒရန်းကျေးရွာ၌ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သော်လည်း မွန်းလွဲပိုင်းတွင် ထိန်းချုပ်နိုင်ခဲ့ကြောင်း ဒေသတွင်း ပြည်သူ့ကာကွယ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဂျရယ်ဒင်းရှမ်ဘိုဒီက ပြောကြားခဲ့သည်။ မီးလောင်ရသည့် အကြောင်းရင်းကိုမူ ချက်ချင်းမသိရှိရသေးပေ။

အဆိုပါ မီးခိုးများကို ကီလိုမီတာ ၁၅ ကီလိုမီတာခန့် အကွာအဝေးရှိ မက်ဇ်မြို့မှပင် မြင်တွေ့ခဲ့ရကြောင်း ဒေသတွင်း သတင်းမီဒီယာများက ဖော်ပြခဲ့ကြသည်ဟု သိရသည်။

Mon

# တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်းရိုက်ခတ်မှု ပြင်းထန်၊ နှစ်တစ်ရာကျော်အတွင်း အပူချိန်အမြင့်ဆုံး စံချိန်တင်

**ဆိုးလ် ဩဂုတ် ၃**

ပြင်းထန်သော အပူလှိုင်းရိုက်ခတ်မှုကြောင့် တောင်ကိုရီးယားနိုင်ငံတွင် နှစ်ပေါင်းတစ်ရာကျော်အတွင်း အပူချိန်အမြင့်ဆုံးအဖြစ် စံချိန်တင်ခဲ့ရာ ကမ္ဘာတစ်ဝန်း စက်တင်ဘာ၊ တောမီး၊ ရေကြီးမှုနှင့် ပြင်းထန်သောမုန်တိုင်းများကို ဖြစ်ပေါ်စေသည့် ယခုနှစ်၏ ရာသီဥတုလွန်ကဲမှုများအနက် နောက်ဆုံးဖြစ်စဉ်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကိုရီးယား မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ တောင်ဘက်အရှေ့ပိုင်းရှိ ရန်ဆန်းမြို့၌ ယမန်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၆ မိနစ်တွင် အပူချိန် ၄၂ ဒသမ ၅ ဒီဂရီစဲလ်စီးယပ်စ်အထိ ရောက်ရှိခဲ့ပြီး ရန်ဆန်းမြို့၌ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်ထက် ကျော်လွန်ခဲ့သည့် ၅ ရက်ဆက်တိုက်မြောက် ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ ဒေသအများအပြား၌ အပူချိန်များ ၃၀ ဒီဂရီအထက်ပိုင်းသို့ မြင့်တက်လာသဖြင့် အပူလှိုင်းသတိပေးချက်များကို ဆက်လက်ထုတ်ပြန်ထားကြောင်း သိရသည်။

Mon



## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပ




**မန္တလေး ဩဂုတ် ၃**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို) (AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် အောင်မြေသာစံမြို့နယ်၊ အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးဇော်ဦးက အမှာစကားပြောကြားသည်။ မူးယစ်သမိုင်းကြောင်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က ဟောပြောပြီး အရက်၊ကွမ်းဆေး ဥပဒ်ပေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းကို အတွင်းရေးမှူး ဦးမြင့်သန်းက ဟောပြောသည်။

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက လူငယ်နှင့်စိတ်ကြွရူးသွပ်ဆေးအကြောင်း ဟောပြောသည်။ အမှုဆောင် ဒေါ်သင်းသင်းဦးက တက်ရောက်လာသည့် ကျောင်းသား၊ကျောင်းသူများအား မေးခွန်းမေးမြန်းပြီး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ချီးမြှင့်သည်။ မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုကြသည်။ ဟောပြောပွဲသို့ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၀၇၀)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃**

ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၃ နာရီ ၃၅ မိနစ်တွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ်၊ ကော့ကသောင်ကျေးရွာ၊ ကော့ကသောင်ဂူဆိုင်းဘုတ်အနီး၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အိန္ဒုကျေးရွာမှ ဘားအံဘက်သို့ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်နေ ကိုချမ်းမြေ့အောင်(၂၃)နှစ်ဆိုသူ မောင်းနှင်လာသည့် CBR 650 မော်တော်ဆိုင်ကယ်နှင့် မော်လမြိုင်မြို့နယ်၊ စန်းကြီး(၂)ရပ်ကွက်နေ ကိုနေဘုန်းထင်(၂၃)နှစ်ဆိုသူ မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်တို့အား စစ်ဆေးခဲ့ရာ အဆိုပါဆိုင်ကယ်များနှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ဆိုင်ကယ်များဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ချမ်းမြေ့အောင်နှင့် နေဘုန်းထင်တို့ဆိုသူနှစ်ဦးအား အိန္ဒုနယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။



အလားတူ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ ကန်တော်ကျေးရွာ၊ ကန်တော်ပတ်လမ်း၌ ရပ်တန့်ထားသည့် ရွှေညောင်မြို့၊ ရွှေဘုံသာရပ်ကွက်နေ ကိုသော်ဇင်ဖြိုး(ခ)မောင်မောင်(၂၅)နှစ်ဆိုသူ ပိုင်ဆိုင်သော CANTER မော်တော်ယာဉ်အား ညောင်ရွှေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် သော်ဇင်ဖြိုး(ခ)မောင်မောင်ဆိုသူအား ညောင်ရွှေမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ငါးဦး ထိခိုက် ဒဏ်ရာရရှိ



**နေပြည်တော် ဩဂုတ် ၃**

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၈ ရက်က ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ်၊ ခိုလမ်-ကွန်ဟိန်းကားလမ်း၊ မက်မွန်လောင်းကျေးရွာအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ခိုလမ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ခိုလမ်မြို့မှ ကွန်ဟိန်းမြို့ဘက်သို့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ရှောက်ကုန်းကျေးရွာနေ ဦးဇော်နိုင်ဝင်း(၄၁)နှစ်ဆိုသူ မောင်းနှင်ပြီး ခရီးသည် အမျိုးသား ၁၂ ဦး အမျိုးသမီး ရှစ်ဦး လိုက်ပါလာသည့် YOUTONG ခရီးသည်တင် မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ နမ့်စန်မြို့နယ်၊ မက်မွန်လောင်းကျေးရွာနေ ဒေါ်သူ(လ်)စီး(၄၉)နှစ်ဆိုသူ မောင်းနှင်လာသည့် ဆိုင်ကယ်က လမ်းယာဘက်မှ ဝဲဘက်သို့ ရုတ်တရက် ချိုးကွေ့စဉ် ဆိုင်ကယ်၏ ဝဲလက်ကိုင်အား တိုက်မိခဲ့၍ ခရီးသည်တင်မော်တော်ယာဉ်မှာ လမ်းဝဲဘက် ရေမြောင်းအတွင်းသို့ တိမ်းမှောက်ခဲ့သဖြင့် ဒေါ်သူ(လ်)စီးဆိုသူနှင့် ခရီးသည်တင်ယာဉ်ပေါ်ပါ အမျိုးသားငါးဦးနှင့် အမျိုးသမီးလေးဦးတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ဇော်နိုင်ဝင်းနှင့် သူ(လ်)စီးဆိုသူနှစ်ဦးတို့အား ခိုလမ်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

### ယာဉ်မောင်းသူများ လိုက်နာရန်

- ✳ မြို့တွင်းတစ်နာရီ ၄၈ ကီလိုမီတာအတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- ✳ အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ✳ ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- ✳ (မီးနီ၊ မီးဝါ)လုံး၀ဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

## နှစ်လုံး၊ သုံးလုံးထီလောင်းကစား ပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ နှစ်လုံး၊သုံးလုံးထီလောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ညောင်ခါးပင်မြောက်ကျေးရွာနေ ဒေါ်သိမ့်သိမ့်သူ(၃၃)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တပ်ကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်သိမ့်သိမ့်သူဆိုသူအား နှစ်လုံး၊သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မသိမ့်သိမ့်သူဆိုသူအား တပ်ကုန်းမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် ဥတ္တရသီရိမြို့နယ်၊ ငန်းစပ်ကျေးရွာနေ ဦးအောင်ပွင့်(ခ)ကိုပု(၆၈)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တောင်ညိုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဦးအောင်ပွင့်(ခ)ကိုပုဆိုသူအား နှစ်လုံး၊ သုံးလုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အောင်ပွင့်(ခ)ကိုပုဆိုသူအား တောင်ညိုနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

အလားတူ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကော့ခပုံကျေးရွာနေ ဒေါ်အေးအေးမြတ်(၃၃)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မုဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်အေးအေးမြတ်ဆိုသူအား ၎င်း၏နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်အေးအေးမြတ်ဆိုသူအား မုဒုံမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

✳-✳-✳-✳-✳-✳-✳



# ကျောက်ခတ်ဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့သူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ မြန်မာ-ထိုင်းနယ်စပ်သို့ မော်တော်ယာဉ်များဖြင့်ပို့ဆောင်

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အထူးအလေးထား၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော် စစ်ကြောင်းများသည် ကျောက်ခတ်ဒေသအတွင်း နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်စဉ် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား အခကြေးငွေရယူ၍ အကာအကွယ်ပေးထားသည့် KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၆၂၀၊ အမျိုးသမီး ၁၁ ဦး၊ ထိုင်းနိုင်ငံသား အမျိုးသမီး သုံးဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၁၁၁ ဦး စုစုပေါင်း ၇၇၇ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် star link ဇန်းတစ်ခု၊ ကွန်ပျူတာမျိုးစုံ ၈၅ လုံး၊ ဖုန်းမျိုးစုံ ၁၈၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား မြဝတီမြို့သို့ ပို့ဆောင်ပြီး ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက် ရှိကြောင်းနှင့် စစ်ဆေးမှုပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကာ သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၂၁၀ ခန့်အား ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ နေရပ်ပြန်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေများ ရယူကာ မော်တော်ယာဉ်များဖြင့်တင်ဆောင်ပြီး ကျောက်ခတ်-ဝေါလေ လမ်းကြောင်းအတိုင်း ဝေါလေ၏ အနောက်တောင်ဘက်မိုင်တာ ၂၆၀၀ ခန့်အကွာ မြန်မာ-ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် မြန်မာ-ထိုင်းနယ်စပ်အား ဖြတ်သန်း၍ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ် ကျောက်ခတ်ဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေရယူ၍ မြန်မာ- ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့မှုပြပုံ။



ကရင်ပြည်နယ် မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာဝန်းကျင်၌ တရားမဝင်အွန်လိုင်းလောင်းကစား လုပ်ကိုင်နေကြသူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ တရားမဝင် ရွှေ့ပြောင်းပို့ဆောင်ပေးနေမှု မှတ်တမ်းဓာတ်ပုံ။



ကရင်ပြည်နယ် မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာဝန်းကျင်၌ တရားမဝင်အွန်လိုင်းလောင်းကစား လုပ်ကိုင်နေကြသူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ တရားမဝင် ရွှေ့ပြောင်းပို့ဆောင်ပေးနေမှု မှတ်တမ်းဓာတ်ပုံ။



ကရင်ပြည်နယ် မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာဝန်းကျင်၌ တရားမဝင်အွန်လိုင်းလောင်းကစား လုပ်ကိုင်နေကြသူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ တရားမဝင်ရွှေ့ပြောင်းပို့ဆောင်ပေးနေမှု မှတ်တမ်းဓာတ်ပုံ။

# အမျိုးသမီးများကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၃

အမျိုးသမီးများကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်နေ မ---- ၂၅ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နေ မ---- ၂၃ နှစ်တို့သည် လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်သွားရောက်လျှောက်ထားစဉ် ၎င်းတို့နှစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ခ)ရပ်ကွက်နေ ခင်သီတာပြုံး (ခ) မသီတာက တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ်သိန်း ၁၀၀ ခန့်ရရှိမည်၊ တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံရှိ ခင်ပိုပိုသက်နှင့် ချိတ်ဆက်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရသဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်းက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၂၈ ရက်တွင် မရမ်းကုန်းခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ခင်သီတာပြုံး(ခ)သီတာအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ခင်ပိုပိုသက်အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မန္တလေးမြို့ ရဲမွန်တောင်ရပ်ကွက်ရှိ ပန်းပျိုးခင်း KTV တွင် အလုပ်လုပ်ကိုင်နေသူ မ---- ၃၁ နှစ်အား ၎င်းနှင့် ခင်မင်ရင်းနှီးသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရှမ်းလေးကျွန်းအရှေ့ကျေးရွာနေ အေးမာက တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်လိုက အဆက်အသွယ်ရှိကြောင်း၊ တစ်နှစ်လုပ်ကိုင်ပါက ငွေကျပ်သိန်း ၁၀၀ ရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ၀၀(၂)ရပ်ကွက်နေ ကျော်လှိုင်(ခ) အားလှိုင်ထံ ဖုန်းဖြင့် ဆက်သွယ်၍ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း စိစစ်သိရှိရသဖြင့် အမှတ်(၉) မြို့မရဲစခန်းက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၃၀ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ အေးမာအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ကျော်လှိုင်(ခ) အားလှိုင်အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# တပ်မတော်(လေ)မှ တိုက်ခိုက်ရေး လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် ငှက်တစ်ကောင်နှင့် တိုက်မှုဖြစ်ပွားခဲ့ပြီး မတော်တဆမှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၃

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် ယနေ့နံနက် ၅ နာရီ ၁၆ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၏ အရှေ့တောင်ဘက် မီတာ ၈၅၀၀ ခန့်အကွာ ညောင်နှစ်ပင်ကျေးရွာအနီးသို့အရောက် ငှက်တစ်ကောင်နှင့် တိုက်မှု(Bird Strike)ဖြစ်ပွားပြီး အင်ဂျင်ခန်းအတွင်းသို့ ဝင်ရောက်သဖြင့် အင်ဂျင်မီးလောင်မှုဖြစ်ပွားခဲ့ရာ လေယာဉ်မှူးအနေဖြင့် လေယာဉ်၏ အနေအထားကို လူနေအိမ်ရှင်းသည့် အရပ်မျက်နှာဘက်သို့ လှည့်၍ Eject ပြုလုပ်၍ ခုန်ထွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ပျက်ကျခဲ့သည့် နေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဖြစ်စဉ်တွင် လေယာဉ်ပေါ်၌ လိုက်ပါလာသည့် လေယာဉ်အမှုထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## လာဇီယိုအသင်းက အက်စ်ကိုလီအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

တူရင် ဩဂုတ် ၃

ရာသီကြိုခြေစမ်းပွဲစဥ်အဖြစ် ယနေ့ နံနက်ပိုင်းက လာဇီယိုအသင်းနှင့် အက်စ်ကိုလီအသင်းတို့ ယှဥ်ပြိုင်ကစားကြရာ လာဇီယိုအသင်းက အက်စ်ကိုလီအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လာဇီယိုအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် ဇက်ကာဂနီ၊ ပွဲချိန် ၈၈ မိနစ်တွင် ရက်ကော့ဗ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

လာဇီယိုအသင်းသည် ရာသီကြိုခြေစမ်းပွဲစဥ်အဖြစ် လာမည့် ဩဂုတ် ၅ရက်တွင် အော့စ်တီယာမာရီအသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၁၀ ရက်တွင် ဖရိုစီနိုနီအသင်းနှင့်လည်းကောင်း ယှဥ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ယာပုံ)

(NGB)



## 2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Alexandra Eala တက်ရောက်

ဝါရှင်တန် ဩဂုတ် ၃

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဖိလစ်ပိုင်တင်းနစ်မယ် Alexandra Eala တက်ရောက်ခဲ့သည်။ (ယာပုံ)

အဆိုပါ ဖိလစ်ပိုင်တင်းနစ်မယ် Alexandra Eala သည် 2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျပန်တင်းနစ်မယ် Naomi Osaka ကို ၆-၄၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဖိလစ်ပိုင်တင်းနစ်မယ် Alexandra Eala နှင့် အမေရိကန်တင်းနစ်မယ် Jessica Pegula တို့ ယှဥ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

## အပြောင်းအရွှေ့ဈေးကွက်အတွင်း ထိပ်သီးကစားသမားများ ခေါ်ယူသွားမည်ဟု နည်းပြအာတီတာပြောကြား

လန်ဒန် ဩဂုတ် ၃

အာဆင်နယ်အသင်းနည်းပြ အာတီတာက မိမိတို့အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်း ထိပ်သီးကစားသမားများ ခေါ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ခရစ္စတိုဖ်ဗိုလစ်စ်၊ ပီယာရိုဟင်ကာပီ၊ မက်စလီယာ စသည့် ကစားသမားများကို ခေါ်ယူထားပြီး၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီယပ်စ်အပါအဝင် ဥရောပထိပ်သီးကစားသမားများစွာကိုလည်း ကမ်းလှမ်းထားသည်။

အာဆင်နယ်အသင်းသည် လာမည့် ဘောလုံးရာသီသစ်တွင် ပရီးမီးယားလိဂ်ချန်ပီယံဆု ကာကွယ်ရန်အတွက် လက်ရှိဈေးကွက်အတွင်း ငွေကြေးအမြောက်အမြားသုံးစွဲကာ ကစားသမားသစ်များ ခေါ်ယူသွားမည်ဖြစ်သည်။

အာတီတာက "ဈေးကွက်အတွင်း ထိပ်သီးကစားသမားတွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ။ လက်ရှိအချိန် ကစားသမားတွေကို ခေါ်ယူဖို့ ကမ်းလှမ်းမှု ပြုလုပ်ထားပါတယ်"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ဂျက်ဂရီလစ်ရှ်ကို ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်းစီစဥ်



မက်ဒရစ် ဩဂုတ် ၃

စပိန်လာလီဂါထိပ်သီးကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် မန်စီးတီးအသင်း တောင်ပံကစားသမား ဂျက်ဂရီလစ်ရှ်ကို ခေါ်ယူရန် စီစဥ်လျက်ရှိသည်။

အသက်(၃၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်စီးတီးအသင်းမှ အဲဗာတန်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၂၂ ပွဲကစားကာ နှစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် စီစဥ်လာခြင်း ဖြစ်သည်။

မန်စီးတီးအသင်းကလည်း ဂျက်ဂရီလစ်ရှ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မန်စီးတီးအသင်းထံမှ ဂျက်ဂရီလစ်ရှ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## အီဘရာဟင်ဆန်ဂါရီ နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

လန်ဒန် ဩဂုတ် ၃

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အသင်းကွင်းလယ်ကစားသမား အီဘရာဟင်ဆန်ဂါရီကို ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ ကွင်းလယ်ကစားသမားသည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၇ ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ အီဘရာဟင်ဆန်ဂါရီက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ လာမည့် ဘောလုံးရာသီသစ်မှာလည်း အောင်မြင်မှုများစွာ ရယူသွားချင်ပါသေးတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## ဂက်ပို၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၇၂သန်းအဖြစ် လီဗာပူးအသင်း သတ်မှတ်

လန်ဒန် ဩဂုတ် ၃

လီဗာပူးအသင်းသည် အသင်းတိုက်စစ်မှူး ဂက်ပို၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၇၂သန်းအဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။



အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် စပါးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဂက်ပိုသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၈၀ ကစားပြီး ဂိုး ၅၀ ထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

လီဗာပူးအသင်းကလည်း ဂက်ပိုအတွက် ၄င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် လီဗာပူးအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်းပေးချေပြီး ဂက်ပိုကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဗယ်လင်တင်ဘာကိုအား ချဲလ်ဆီးအသင်း ခေါ်ယူ

လန်ဒန် ဩဂုတ် ၃

လာမည့် ဘောလုံးရာသီအတွက်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် ချဲလ်ဆီးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် စထရာဘော့စ် ကွင်းလယ်ကစားသမား ဗင်လင်တင်ဘာကိုအား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၃၃ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ဗင်လင်တင်ဘာကိုသည် စထရာဘော့စ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၃ ပွဲကစားပြီး သုံးဂိုး သွင်းယူ၍ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် လက်ရှိအပြောင်းအရွှေ့ ဈေးကွက်အတွင်းတွင် ကစားသမား ၇ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ (ယာပုံ) (NGB)



## ကိုလိုမူအာနီ ဂျူဗင်တပ်အသင်းတွင် ကျောနံပါတ် ၉ ဂျာစီကို ဝတ်ဆင်ကစားသွားမည်

တူရင် ဩဂုတ် ၃

တိုက်စစ်မှူးသစ် ကိုလိုမူအာနီ ဂျူဗင်တပ်အသင်းတွင် ကျောနံပါတ် ၉ ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် ပီအက်စ်ဂျီအသင်းမှ ဂျူဗင်တပ်အသင်းသို့ ၂၀၃၀ ခုနှစ်အထိ စာချုပ် ချုပ်ဆို၍ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ကိုလိုမူအာနီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းမှ စပါးအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၄၁ ပွဲကစားကာ ငါးဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အသက်(၂၇)နှစ်အရွယ်ရှိ ကိုလိုမူအာနီအနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် ဂျူဗင်တပ်အသင်းနှင့်အတူ ဆုဖလားများစွာ ရယူသွားနိုင်မည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



### ဘောလုံးသတင်းအတိုအထွာများ

* ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ မော်ရင်ဟိုက မိမိတို့အသင်းအနေဖြင့် လာမည့် ဘောလုံးရာသီအတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

* လက်စတာစီးတီးအသင်းသည် ဆွမ်ဆီးအသင်း ကွင်းလယ်ကစားသမား လီယမ်ကူလန်ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (NGB)

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်း (Public Talk) ကျင်းပ

**ပျော်ဘွယ် ဩဂုတ် ၃**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးဆောင်၍ ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ (Public Talk)ကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီခွဲက ဝွေးဇီးကျေးရွာအုပ်စု၊ မယ်ဇလီအိုင့်ကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ညွှန့်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေးက ဦးဆောင်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ညွှန့်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦး၊ ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်တို့က သက်ဆိုင်ရာဌာနများအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍအသီးသီး၌ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့်ပြည်သူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးမည့်အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)



# ရေတွင်းပြည့်ကျေးရွာ၌ ကျေးရွာမ,တည်ရန်ပုံငွေထုတ်ချေး

**ကျောက်ဆည် ဩဂုတ် ၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသေးစား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် အရင်းအနှီးများရရှိပြီး ဆင်းရဲမှုနှုန်း လျှော့ကျနိုင်ရန်အတွက် ရေတွင်းပြည့်ကျေးရွာ၌ ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာစုရပ်၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်က ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းက ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရန် စည်းကမ်းများ၊ အတိုးနှုန်းနှင့် အတိုး၊ အရင်းပေးဆပ်ရန် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦး၊ စုစုပေါင်း စီမံကိန်းအသင်းသူ၊ အသင်းသား ၃၆ ဦးအား ကျေးရွာမ,တည် ရန်ပုံငွေကျပ် ၁၂၅ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် တစ်ဦးချင်းလက်ဝယ်အရောက် စနစ်တကျထုတ်ချေးခဲ့သည်။

အဆိုပါကျေးရွာ၌ ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း(VRFP) ဆောင်ရွက်ခြင်းကြောင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာနိုင်သည့်အတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲမှုနှုန်းလျော့နည်းလာကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

အထွေး

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ





# မဟာလောကရံသီအိမ်တော်ရာစေတီတော် ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေများ လှူဒါန်း

**မန္တလေး ဩဂုတ် ၃**

မန္တလေးမြို့ သမိုင်းဝင် မဟာလောကရံသီအိမ်တော်ရာစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေ ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အလှူရှင်၏နေအိမ်တွင် ကျင်းပခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် အလှူရှင် ၂၇ လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြားနေ ကွယ်လွန်သူတရားလွှတ်တော်ရှေ့နေ ဦးစိန်ဝင်းအား ရည်စူး၍ ဒေါ်ရီရီ၊ သမီး မသူဇာ၊ မသီတာမြတ်ပန်းနှယ် မိသားစုတို့က ငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းခဲ့ရာ ဂေါပကအဖွဲ့နာယက ဦးချစ်ထွန်း၊ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် အဖွဲ့ဝင်များက လက်ခံရယူ၍ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဝင် မိုးကောင်းတိုက် အလယ်ရွှေကျောင်းဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရား နာကြားကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၂)

# သား၊ ငါးဈေးသည်များ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒေသတွင်းရှိ ပြည်သူများ သား၊ ငါးဝယ်ယူစားသုံးမှု အဆင်ပြေစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နယ်နိမိတ်အတွင်းရှိ ပွင့်ဖြူမြို့မဈေး အပါအဝင် ကျေးလက်စည်ပင်သာယာဈေး လေးခုတွင် (ဝက်၊ အမဲ၊ ဆိတ်)လိုင်စင်စီများမှ သား၊ ငါးများ ရောင်းချရာ၌ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေးအတွက် နေ့စဉ် ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်က ပွင့်ဖြူမြို့မဈေးနှင့် ရောက်တောကျေးရွာရှိ ကျေးလက်စည်ပင်သာယာဈေးသို့ သွားရောက်၍ သား၊ ငါးဈေးသည်များ ရည်ညွှန်းသတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒေသခံပြည်သူလူထု စားသောက်ရေးအဆင်ပြေစေရန်နှင့် သား၊ ငါးများ ဝယ်ယူစားသုံးရာ၌ သက်သာသောဈေးနှုန်းဖြင့် တစ်ပြေးညီ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန့်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ဈေးကော်မတီဝင်များနှင့်အတူ မြို့မဈေးနှင့် ရောက်တောကျေးရွာ ကျေးလက်စည်ပင်သာယာဈေးသို့ သွားရောက်ပြီး သား၊ ငါးဈေးသည်များကို တွေ့ဆုံပြီး (ဝက်၊ အမဲ၊ ဆိတ်)လိုင်စင်စီများမှ သား၊ ငါးများ ရောင်းချရာ၌ ရည်ညွှန်းသတ်မှတ်ဈေးအတိုင်း စနစ်တကျ ရောင်းချရေး၊ စားသုံးသူပြည်သူလူထု အစားအစာ ဘေးကင်းလုံခြုံရေးအတွက် ရောင်းချသည့် သား၊ ငါးများနှင့် ဟင်းသီးဟင်းရွက်များ သန့်ရှင်းလတ်ဆတ်မှု ရှိစေရေး၊ ဈေးဆိုင်ခန်းဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိရေး၊ နေ့စဉ် ဈေးရောင်းပြီးချိန်တိုင်း သန့်ရှင်းရေးမပြတ် ဆောင်ရွက်ကြရေးနှင့် သတ်မှတ်ထားရှိသည့် ဈေးစည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က စည်ပင်သာယာဈေးများအလိုက် (ဝက်၊ အမဲ၊ ဆိတ်)ဈေးဆိုင်ခန်းများတွင် သား၊ ငါးများကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချမှု ရှိ၊ မရှိ၊ အရိုး၊ အသား၊ အဆီ၊ အရွတ်များ ရောနှော၍ ရောင်းချခြင်း ရှိ၊ မရှိနှင့် အလေးချိန်ခွင် မှန်ကန်မှု ရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးစပါးဧက ၂၂၉၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးအပြင် သီးနှံမျိုးစုံ စိုက်ပျိုးကြရာ မိုးစပါး ဧက ၂၂၉၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ စပါးကို အဓိကစိုက်ပျိုးကြပြီး အရင်နှစ်က မိုးစပါး ၃၄၀၉၉ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ ဒီနှစ် မိုးစပါးစိုက်ပျိုးဖို့ ၃၅၆၉၆ ဧက လျာထားတဲ့အနက် လက်ရှိအချိန်အထိ ၂၂၉၂၂ ဧက (၆၄ ဒသမ ၂၁) ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ပါတယ်။ တောင်သူတွေက လျာထားဧကပြည့်မီဖို့ ဆက်လက်စိုက်ပျိုးနေကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ်ပြီး အချိန်ကိုက်သုံးစွဲရေး၊ ပေါင်းမြက်ကင်းရှင်းရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာ၌ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်း ဧရာမင်း၊ မနောသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေ၊ ဆင်းသုခနှင့် အောင်နိုင်တိုးစပါးမျိုးများ စိုက်ပျိုးကြကြောင်း သိရသည်။

(အောက်ပုံ)(၄၈၀)

## ရေချိုတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# KG တန်း ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေး

**ချောက် ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ဖြင့် KG တန်း ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ နံနက် ၁၀ နာရီက ချောက်မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၉၁ ကျောင်းမှ KG တန်း ကျောင်းသား၊ ကျောင်းသူ ၂၅၈၇ ဦးကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးတို့က အ·လ·က (၃)ကျောင်းနှင့် အ·ထ·က(၃)ကျောင်းတို့ရှိ KGတန်း ကျောင်းသား၊ ကျောင်းသူများအား ထမင်း၊ ကြက်သားဟင်း၊ ကုလားပဲဟင်း၊ ကန်စွန်းရွက်နှင့် ပဲပင်ပေါက်ကြော်၊ အာဟာရဖြစ်စေမည့် စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်းအား အနီးကပ် ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များကို ဝိုင်းဝန်း၍ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**ကျော်မိုး(ပြန်/ဆက်)**

# မိုးရာသီအလွတ်တန်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မိုင်းခတ် ဩဂုတ် ၃**



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် Unity Sports Design & Jersay တို့ ပူးပေါင်းကျင်းပသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား မိုးရာသီ အလွတ်တန်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁ ရက် မွန်းလွဲ ၃ နာရီက မြို့မအားကစားကွင်း(မိုင်းခတ်)တွင် ကျင်းပခဲ့သည်။

ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် Lahu United FC နှင့် K M A FC တို့ ယှဉ်ပြိုင်ကစားကြရာ K M A FC အသင်းမှ Lahu United FC အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ပထမဆုရရှိသော K M A FC အသင်းအား တံခွန်စိုက်ဆုဖလား၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ၊ ဒုတိယဆုရရှိသော Lahu United FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလားနှင့် ငွေသားဆုများ၊ ရှေ့တန်း အကောင်းဆုံးအားကစားသမားဆု၊ အလယ်တန်းအကောင်းဆုံး အားကစားသမားဆု၊ နောက်တန်း အကောင်းဆုံးအားသမားဆု၊ ဂိုးအကောင်းဆုံး အားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး ဘောလုံးပွဲ လုံခြုံရေး ဆောင်ရွက်ပေးခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် ဒိုင်အဖွဲ့များကို သက်ဆိုင်ရာတာဝန်ရှိသူတို့က ဂုဏ်ပြုလက်ဆောင်များ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါမိုးရာသီအလွတ်တန်း ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်အေးထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ(ခေတ္တ)ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးထွန်းနှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင် တိုင်းရင်းသားပြည်သူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**တနိုင်း ဩဂုတ် ၃**

ကချင်ပြည်နယ်၊ တနိုင်းခရိုင်၊ တနိုင်းမြို့နယ်တွင် ပညာအလင်းငွေစုငွေချေးလုပ်ငန်း သမဝါယမအသင်း (လီမိတက်)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက အ·ထ·က(၁)ကျောင်း၊ ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သဘာပတိ ဒေါ်ရီရီဝင်းမှ အဖွင့်အမှာစကား ပြောကြားပြီး တနိုင်းမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဆန်းထွန်းက လမ်းညွှန်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အမှုဆောင်အဖွဲ့ အစီရင်ခံစာ ဖတ်ကြားခဲ့ပြီးနောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားသည်။ ထို့နောက် သဘာပတိမှ နိဂုံးချုပ်အမှာစကား ပြောကြားကာ အသင်းအမှုဆောင်ဟောင်းများ နုတ်ထွက်ကြောင်း ကြေညာပြီး အသင်းအမှုဆောင်ဟောင်းများ နေရာတွင် အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ်ခဲ့သည်။

ထို့နောက် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော အသင်း ဝင်များ၏ သား၊ သမီးများကို တာဝန်ရှိသူတို့က ဆုချီးမြှင့်ခဲ့ပြီး မြို့နယ်ပညာရေးမှူးက လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲ ကျင်းပ

**ဂန့်ဂေါ ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးက လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျောတိုက်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ဂန့်ဂေါ)တွင် ကျင်းပရာ ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဒေါ်ယဉ်နွဲ့ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးရာထွန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဖွန်ဇမ်းက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်ပေးအပ်ပွဲကို ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခြေခံပညာအထက်တန်းကျောင်း(ဂန့်ဂေါ)မှ ကျောင်းသား ၂၆ ဦးနှင့် ကျောင်းသူ ၄၀ ဦး၊ စုစုပေါင်း ၆၆ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပေးအပ်ခဲ့ကြသည်။ အလားတူ ဂန့်ဂေါမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၉၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် UIDကတ်များ ထုတ်ပေးခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတွင် အသက်(၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့်သူ ၁၉၀၆ ဦး၊ အသက်(၁၈)နှစ်ပြည့်ပြီး လဲလှယ်သူ ၆၉၇ ဦးနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးမှုအတွက် မိတ္တူထုတ်ပေးသူ ၇၈၅ ဦး၊ စုစုပေါင်း ၂၃၈၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်မျိုးမင်း(ပြန်/ဆက်)**



# ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးက အိမ်တစ်အိမ်၏ ဆည်းလည်းရတနာဟု တင်စားခေါ်ဝေါ်ကြရသည့် ကလေးများသည် တိုင်းပြည်၏တာဝန်ကို ပခုံးလွှဲပြောင်းတာဝန်ယူကြရမည့် အနာဂတ်၏ မျိုးဆက်သစ်များ ဖြစ်သည်။ ထို့ကြောင့် အနာဂတ်၏ လူတော်လူကောင်းများ ဖြစ်လာစေရန် ကလေးများကို အသိပညာတိုးပွားစေရေး၊ ယဉ်ကျေးလိမ္မာ၍ ဘာသာတရားကိုင်းရှိုင်းစေရေး၊ မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်စေရေး၊ သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ် ထားရှိတတ်စေရေး၊ တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်ခင်သည့်စိတ်များ ဖြစ်ပေါ်မည့် အလေ့အကျင့်ကောင်းများဖြင့် ပြုစုပျိုးထောင်ကြရမည် ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ တောင်ပြင်(၂) မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသူမောင်မောင်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် တောင်တွင်းကြီးမြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲမြင့်၊ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင် ဒေါ်ဖြိုးထက်ထက်အောင်တို့ကို ကလေးသူငယ်အခွင့်အရေးများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည့် အကြောင်းအရာများကို တင်ပြဆွေးနွေးကြရာ တာဝန်ရှိသူ အသီးသီးတို့က ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**နောင်နောင်(မိသားနှီးမြေ)**

# ဆိုးကျိုးကို ပိုပေးသော ဆူညံခြင်းအန္တရာယ်

'ကျုပ်တို့ကတော့ သူ့ရဲ့အသံကို မကြိုက်ဘူး၊ သူတို့ရဲ့ဂစ်တာသံကလည်း ကြောင်တောင်တောင်နဲ့ သိပ်ပြီးဆန်းပြားလွန်းနေတယ်'

အဆိုပါ စကားမှာ ၁၉၆၂ ဘီတဲလ်တို့၏ အသံကို ငြင်းပယ်စဉ်က ဒက္ကာအသံသွင်းကုမ္ပဏီမှ ပြောသောစကားဖြစ်သည်။ ကျွန်ုပ်တို့လူသားအားလုံး အသံများဖြင့် နေထိုင်ကြသည်ဆိုလျှင် ငြင်း၍ရမည်မထင်ပေ။ မျက်စိထဲမြင်ယောင်ကြည့်လိုက်ပါ။ နံနက်မိုးလင်းသည်နှင့် ကျေးငှက်သာရကာများ၏ မြည်တွန်သီကြွေးသံများကို ကြားရမည်။ ထိုအသံကား နာပျော်ဖွယ်ဖြစ်၍ စိတ်တွင်ကြည်နူးစေမိသည်။ ပို၍ နံနက်လင်းလာပြီဆိုသည်နှင့် စကားပြောသံ၊ ဆိုင်ကယ်မောင်းသံ၊ မော်တော်ကားမောင်းသံများ ကြားလာရသည်။ ငှက်ကလေးများလို အသံမသာယာတော့၊ အသံပို၍ ကျယ်လာသည်။ သည်အထိ မသိသာသေး။

နေမင်းကြီးထွက်လာပြီး နံနက်ပိုင်း ၈ နာရီလောက်ရောက်လာပြီဆိုသည်နှင့် အသံများကပိုမိုကျယ်လောင်လာသည်။ ကုန်တင်ကားမောင်းသံ၊ ဘိလပ်မြေဖျော်ကားမောင်းသံ၊ စက်သုံးဆီကားများဖြင့် အသံပိုကျယ်လာသလို မီးခိုးငွေ့များ အူနေတော့သည်။ အဆိုးဆုံးက ထော်လာဂျီကားသံဖြစ်သည်။ စက်သံပြင်းလွန်းသည့်အပြင် မီးခိုးငွေ့များကိုလည်း အလွန်မှုတ်ထုတ်သော ကားဖြစ်သည်။ အချိန်ရင့်လာလေ အသံများက ပို၍ နားထဲဆူနေသည်။

မြို့ပြများက အသံစက်ကွင်းအောက်တွင် အညို့ခံနေရသော သားကောင်ဖြစ်နေသည်။ ပန်းပဲထုသံ၊ တွင်ခုံများ၏ ဂဟေဆော်သံကလည်း တကျစ်ကျစ်နှင့် သာယာနာပျော်ဖွယ်မဖြစ်ပြန်။ လူတို့တွင် အစားအသောက်၊ ကိုယ်လက်လှုပ်ရှားမှုများမှရသော စွမ်းအင်များရှိသည်။ အဆိုပါ စွမ်းအင်များကို ယုတ်လျော့စေသည့် ကုန်ခန်းသွားသောကယ်လိုရီများ ရှိသည်။ အသံလည်း ကျယ်သည်နှင့်အမျှ အသံဆူညံနှုန်းရှိနေသည်။ ထိုနှစ်ခုကို နှိုင်းယှဉ်ဖော်ပြလိုသည်။

လူတို့နေထိုင်စဉ် ကိုယ်လက်လှုပ်ရှားမှုအမျိုးမျိုးကြောင့် တစ်နာရီကုန်တိုင်း ဆုံးရှုံးသွားသော စွမ်းအင်ကယ်လိုရီများရှိပါသည်။ သာဓကအားဖြင့် တယ်လီဖုန်းပြောခြင်း ၅၀ ကယ်လိုရီ၊ ရေချိုးခြင်း ၁၀၀ ကယ်လိုရီ၊ ကားမောင်းခြင်း ၅၀ ကယ်လိုရီ၊ မီးပူတိုက်ခြင်း ၁၀၀ကယ်လိုရီ၊ ကြမ်းတိုက်ခြင်း ၂၀၀ ကယ်လိုရီ၊ အပေါ်ထပ်အောက်ထပ်ဆင်းတက်လုပ်ခြင်း ၈၀၀ ကယ်လိုရီ၊ ဘက်မင်တန်ရိုက်ခြင်း ၄၀၀ ကယ်လိုရီ၊ ဆိုင်ကယ်အမြန်စီး ၆၀၀ ကယ်လိုရီ၊ ရွရွပြေးခြင်း ၆၀၀ ကယ်လိုရီ၊ စန္ဒရားတီးခြင်း ၂၅ ကယ်လိုရီ၊ စာဖတ်ခြင်း ၂၅ ကယ်လိုရီ၊ ရုပ်မြင်သံကြားကြည့်ခြင်း ၂၅ ကယ်လိုရီ၊ ပန်းကန်ဆေးခြင်း ၇၅ ကယ်လိုရီ၊ ခြံစိုက်ပျိုးခြင်း ၂၅၀ ကယ်လိုရီတို့အား ကုန်ခန်းရသည်။ အလားတူပင် အသံတစ်သံသည် လှိုင်းလိပ်များအဖြစ် Ear Canal(ခေါ်)လိုဏ်ခေါင်းမှ ဝင်ပြီး နားစည် Ear Drumသို့ ရောက်သွားသည်။ ဝင်ရောက်လာသော အသံလှိုင်း၏ အနိမ့်အမြင့်ကြိမ်နှုန်းအလိုက်ကြားသိမှု တုန်ခါငယ်လေးများကို ခွဲခြမ်းစိတ်ဖြာကာ အကြားအာရုံသို့ ပို့သည်။

ထိုအသံကြားရမှုက ဒက်ဆီဘယ်လ် Decibels(ခေါ်)ယူနစ်ဖြင့် ဖော်ပြပြီး Decibels Meter ဖြင့် တိုင်းတာသည်။ ၁၀ ဒက်ဆီဘယ်လ်ထက်နည်းပါက အသံများကို မကြားရဘဲ ၂၀ ဒက်ဆီဘယ်လ်ထက်ကျော်ပါက နားကို ထိခိုက်စေနိုင်သည်။ Noise (ခေါ်)ဆူညံသံတို့သည် ဒက်ဆီဘယ်လ် မြင့်မားပြီး နားအရင်းမှာလည်း ခေါင်းလောင်းထိုးသလိုမြွေနှောက်ကာ နား၏ အသံကြားရမှု ဖြစ်စဉ်များကို ထိခိုက်စေနိုင်သည်။ အသံယူနစ်(ဒက်ဆီဘယ်လ်)နှင့် နား၏ ခံနိုင်ရည်ရှိသော နာရီတို့ကို ဇယားဖြင့် ဖော်ပြလိုသည်။

| အသံယူနစ် | နာရီ |
|---|---|
| ၉၀ | ၈ |
| ၉၂ | ၆ |
| ၉၅ | ၄ |
| ၉၇ | ၃ |
| ၁၀၅ | ၁ |

အထက်ပါဇယားအရ ၉၀ ဒက်ဆီဘယ်လ်ရှိအသံကို အများဆုံး ၈ နာရီသာ နေ့စဉ်ခံစားနိုင်ပါသည်။ အသံယူနစ်ကြီးလေ အကြားနာရီ ပိုနည်းလာမည် ဖြစ်သည်။ တစ်နည်းဆိုသော် အသံတိုးသည်ထက် အသံဆူညံခြင်းက မကောင်းဟုဆိုလိုခြင်း ဖြစ်သည်။ လူတစ်ယောက်သည် အသံ ၅၀ ဒက်ဆီဘယ်လ်ကိုသာ နားက လက်ခံနိုင်သည်။

လမ်းမပေါ်တွင်သွားသော မော်တော်ယာဉ်နှင့်အခြားယာဉ်တို့၏ အသံတို့မှာ ၇၀ ဒက်ဆီဘယ်လ်နှင့်အထက်ရှိ၍ အချိန်ကြာလာပါက သွေးတိုးရောဂါနှင့် သွေးစီးဆင်းသောရောဂါများ ဖြစ်ပွားနိုင်သည်။ ကမ္ဘာပေါ်တွင် ဆူညံမှုနည်းပါးသော တောတွင်းဒေသနှင့် ရေစီးသံများရှိသော နေရာတို့မှာ သွေးတိုးရောဂါနှင့် နှလုံးရောဂါများ ဖြစ်ပွားမှုနည်းပါးပြီး အသက်ကြီးသူများမှာလည်း နားထိုင်းမှုနည်းပါးကြောင်း သိရသည်။

အလွန်ဆူညံသော အမ်ပလီဖိုင်ရာ ပစ္စည်းများနှင့် တီးဝိုင်းများ၏ တီးခတ်မှု၊ အပြင်းစားသီဆိုမှုများမှာ ၁၁၄ ဒက်ဆီဘယ်လ်အထက်ရှိ၍ နားစည်တွင် ဒဏ်ရာရပြီး နားထိုင်းမှုဖြစ်စဉ်ကို ဖြစ်စေနိုင်ပါသည်။ လေယာဉ်ကွင်းများ၊ လေယာဉ်စက်ပြင်အလုပ်ရုံများရှိ ဝန်ထမ်းများမှာ ၁၃၀ ဒက်ဆီဘယ်လ်အသံများကို ရင်ဆိုင်ရ၍ အသံထိန်းနားကြပ်များ တပ်ဆင်ကာ သံခမောက်ဆောင်းထားခြင်းဖြင့် ကာကွယ်မှုရရှိစေသည်။ ၈၅ ဒက်ဆီဘယ်လ်ကျော်သောအသံများနှင့် ထိတွေ့ခြင်းသည် အကြားအာရုံကို ထိခိုက်စေသည်။

၁၁၀ အသံယူနစ်ကျော်ပါက အချိန်တိုအတွင်း နားကို ထိခိုက်ပျက်စီးစေသည်။ ၁၁၀ မှ ၁၁၄ ဒက်ဆီဘယ်လ်ရှိသော ကျားဟိန်းသံမှာလည်း အသံယူနစ်မြင့်မားသည်။ လေတိုက်နှုန်း တစ်နာရီလျှင် ၁၂၀ မိုင်နှုန်းကျော်သော မုန်တိုင်းကြီးများ၏ လေတိုက်သံသည် ၁၃၀ ဒက်ဆီဘယ်လ်ထက်ကျော်လွန်နိုင်ပြီး နားနာကျင်သည့်အဆင့်သို့ ရောက်ရှိနိုင်ပါသည်။

အသံယူနစ်(ဒက်ဆီဘယ်လ်)မြင့်မားသော ဂျက်လေယာဉ်အသံသည် ၁၅၀ ဒက်ဆီဘယ်လ်ရှိသည်။ ၁၃၀ ဒက်ဆီဘယ်လ်အထက်ရှိပါက နားကိုထိခိုက် နာကျင်စေနိုင်သည်။ အသံဆူညံမှုသည် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပေးစွမ်းသည်။ အသံဆူညံမှုကြောင့် လူများမှာ ဒေါသအလိုလို ဖြစ်လာပြီး သည်းခံနိုင်မှုကင်းမဲ့ကာ ခိုက်ရန်များ၊ လူမှုရေးပြဿနာများ ဖြစ်ပွားလျက်ရှိသည်။

ညအချိန်မတော်ဖွင့်၍ မရပ်မနားဘဲ ဌေအလှူခံကြသော မဏ္ဍပ်များကြောင့် ခရီးသွားလူအပေါင်းမှာ စိတ်ကသိကအောက်ဖြစ်ကြရသည်။ အနီးနားနေထိုင်ကြသူများမှာ နားငြီးခြင်း၊ နားဒုက္ခများရောက်ကြရသည်။ တစ်နည်းဆိုသော် သာယာပျော်ရွှင်ဖွယ်ကောင်းသော လူမှုဘဝကို နှောင့်ယှက်ဖျက်ဆီးလိုက်ခြင်းသာ ဖြစ်သည်။

လူအများစုမှာ အသံ၏တုန်ခါနှုန်း (အသံယူနစ်၊ ဒက်ဆီဘယ်လ်)မြင့်မားမှုကို မသိရှိကြခြင်းဖြစ်သကဲ့သို့ အသံဆူညံမှုသည် ကောင်းကျိုးထက်ဆိုးကျိုးကိုပေးကြောင်း မသိခြင်းပင် ဖြစ်သည်။ မြို့ပြ၏ သဘာဝအရ လူနေထူထပ်ခြင်း၊ စက်မှုလုပ်ငန်းများ ပေါကြွယ်ခြင်း၊ ယာဉ်သွားလာမှုများပြားခြင်းကြောင့် အသံပေါင်းစုံထွက်ပေါ်လာသည်မှာ သဘာဝကျသည်။

သို့သော်လည်း အလိုက်မသိသူများပြားခြင်း၊ အတ္တကြီးမားခြင်း၊ ကိုယ်ချင်းစာတရားနည်းပါးသူများကြောင့်လည်း ပြဿနာများ ဖြစ်ပွားရသည်။ တစ်ခါကလည်း ညမိုးချုပ်တိုင်အောင် အသံချဲ့စက်ဖွင့်ကာ ငွေအလှူခံနေခြင်းကို အိပ်မရသော နိုင်ငံခြားသားမှာ အမ်ပလီဖိုင်ယာကြိုးကို လာဖြုတ်ရသည်အထိကို ရွှေမြန်မာတို့ကလည်း အလိုက်မသိခြင်း၊ စာနာတရားမရှိခြင်း၊ လူမှုရေးနားမလည်ခြင်းတို့ကို ပြသနေသည်။ နိုင်ငံခြားသားဘက်မှကြည့်လျှင်လည်း မမှား။

မြန်မာစကားပုံတို့ကမှန်သည်။ 'မရှိတာထက် မသိတာခက်' နေတာက ပိုဆိုးနေသည်။ ညအချိန်တွင် ပွဲလှင့်လာသော ကာရာအိုကေသီချင်းသံများက ညဥ့်နက်သည်အထိ မပြီးမစီးနိုင်ဖြစ်နေရသည်။ အသက်ကြီးသူများနှင့် ကလေးငယ်များ လန့်နိုးအိပ်ရေးပျက်ရသည်။ အသံဆူညံမှုတားဆီးရန် လိုနေပေပြီ။

အသံတိုးတိတ်ခြင်း၊ အသံသာယာခြင်းကိုသာ လူတိုင်းလိုလားကြသည်။ အသက်ရှည်ကာ ကျန်းမာစေနိုင်သည်။ အသံဆူညံခြင်းကား ဒေါသကြောင့် သွေးတိုးကာ အသက်တိုစေနိုင်သည်။ ဆူညံခြင်းကား အသက်ရှင်ကာလတစ်လျှောက်လုံး ကြုံနေရမည်သာ ဖြစ်သည်။ လူတိုင်းအသိတရားဖြင့်သာ ကိုယ်ချင်းစာဆင်ခြင်ခြင်း၊ လူ့ကျင့်ဝတ်များနားလည်ကာ ပတ်ဝန်းကျင်ကို အနှောင့်အယှက်မပေးသော လူမှုပတ်ဝန်းကျင်ကိုသာ ရယူလိုသည်။

လူတိုင်းလူတိုင်း လူမှုပတ်ဝန်းကျင်ကို အကျိုးမပြုသော ဆူညံမှုများကို လက်ကမ်းကြိုဆိုနေကြလိမ့်မည်မဟုတ်ဟု အတွေးများပွားမိသည်။ အသံနှင့်ပတ်သက်၍ ပြဿနာဖြစ်ဖူးခဲ့ကြောင်း ဖေ့ဘုတ်တွင် ဖတ်လိုက်ရသည်။ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်တစ်ခုတွင် အမှောင်ထုနက်လာချိန်တွင် နံနက်ကတည်းက စတင်ခဲ့သော ကားလမ်းမဘေးရှိ အလှူခံတဲအတွင်းမှ မိုက်ကို အသုံးပြုကာ အသံချဲ့စက်ဖြင့် လှူဒါန်းကြရန် အလှူငွေကောက်ခံနေခဲ့သည်။

ထိုအချိန်တွင် အနီးနားရှိ ဟိုတယ်တွင် နိုင်ငံခြားသားမှ နားမခံနိုင်ကာ လျှပ်စစ်ကြိုးများ လာဖြုတ်တော့သည်။ ထိုအခါ အလှူခံမဏ္ဍပ်ရှိ အလိုက်ကန်းဆိုးမသိ၊ ပတ်ဝန်းကျင်ကို ဂရုမစိုက်သော၊ အားနာရကောင်းမှန်းမသိသော အလှူကောက်ခံသူများနှင့် စကားများခဲ့သည်။

တိုင်းတစ်ပါးကို အထင်ကြီး၍ မဟုတ်၊ အချို့နိုင်ငံခြားတွင် နေထိုင်သူများက ပြောခြင်း၊ ရေးသားခြင်းများတွင် သူတို့နိုင်ငံ၏ လူနေရပ်ကွက်များမှာ တိတ်ဆိတ်ကာ လူရှိမှန်းမသိသည်အထိ ငြိမ်သက်ကြသည်။ အချို့ လူများက ပြောကြသည်။ 'မြန်မာနှင့် အိန္ဒိယ' လောက်သာ ဆူကြသည်ထင်သည်ဟု မှတ်ချက်ပေးသံကြားဖူးသည်။ ဆူညံခြင်းကြောင့် သွေးတိုးရသည်။ ဒေါသများ ဖြစ်လာရသည်။ နားမထောင်ချင်ဘဲ နားထောင်နေရ၍ စိတ်အနှောင့်အယှက်လည်း ဖြစ်စေသည်။

ကျွန်တော်အပါအဝင် မြန်မာလူမျိုးများမှာ ဆူညံခြင်းကို နှစ်သက်နေလားဟု တွေးမိခဲ့ဖူးသည်။ တစ်ခါကလည်း စက်စဲကမ်းခြေသို့ အလည်သွားစဉ် သံဖြူဇရပ်မြို့မရောက်မှီ လမ်းပေါ်တွင် ကားကြီးပေါ်၌ လော်စပီကာ လေးလုံးတင်ပြီး ကားပေါ်တွင် အသံချဲ့စက် Soung Box များ အပြည့်တင်ထားပြီး ကျွန်တော်တို့ကားနောက်တွင် ပါလာသည်။ ဆူညံလွန်း၍ အသံချဲ့စက်ကားကို ကျော်တက်စေခဲ့သည်။ သို့ဖြစ်၍ နားဝေဒနာခံစားရခြင်း ကင်းလွတ်သွားခဲ့သည်။

နေထိုင်ရာ ရပ်ကွက်အတွင်းတွင်လည်း အော်ပြောကြ၊ စကားကိုအမျှင်မပြတ် တစ်နေကုန်ပြောသံများကိုလည်း ရင်ဆိုင်နေရသည်။ တစ်နည်းဆိုသော် ကျွန်တော်တို့၏ လူနေမှုဘဝကို နှောင့်ယှက်နေကြခြင်းဖြစ်သည်။ အသံဆူခြင်းကား အကျိုးမရှိ၊ စိတ်တည်ငြိမ်လိုလျှင် တိတ်ဆိတ်ငြိမ်သက်ရန် လိုသည်။ ထို့ကြောင့် အသက်ကြီးသူများကား ဆူညံမှုဒဏ်ကို မခံနိုင်၍ ကျေးလက်တောရွာများတွင် နေကြခြင်း ဖြစ်သည်။ ဆိတ်ငြိမ်ခြင်းကြောင့် အသက်ရှည်ကြသည်။

ဆူညံသောမြို့ပြများတွင် နေထိုင်သူကား အသက်တိုကြသည်။ အသက်ရှည်လိုလျှင် ဆိတ်ငြိမ်သောနေရာတွင် နေထိုင်သင့်သည်။ မလိုအပ်ဘဲ စကားပြောခြင်းကို လျှော့သင့်သည်။ အသံဆူညံခြင်းကင်းသော ပတ်ဝန်းကျင်ကို တည်ဆောက်ပေးရန်လိုသည်။ မည်သို့ပင်ဖြစ်စေ ဆူညံခြင်းကို ထောက်ခံအားမပေးရန် လိုသည်။ ဆူညံခြင်းကား အဆိုးကို ပို၍ ဦးတည်စေပါသည်။

**မင်းလပြည့်(ဟားခါး)**

# ပျော်ဘွယ်မြို့နယ်၊ အလက(လက်ပံတော)၌ စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်း အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ပျော်ဘွယ် ဩဂုတ် ၃**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်း အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက အခြေခံပညာအလယ်တန်းကျောင်း (လက်ပံတော)၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဗဟုသုတ ရရှိစေမည့် စာပေများကို လေ့လာဖတ်ရှုတတ်စေရန် မိမိတို့နှင့် လိုက်လျောညီထွေဖြစ်မည့် စာပေများကို ရွေးချယ်ဖတ်ရှုရန် လိုအပ်ပါကြောင်း လူငယ်များအနေဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် တို့ကို ကျောင်းသား၊ ကျောင်းသူများနှင့်အတူ အပြန်အလှန် ဆွေးနွေး ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး စာအုပ်စာစောင်များကို တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

# မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့(မန္တလေး) ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၃**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)၊ သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့(မန္တလေး)က ကြီးမှူး၍ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၃၁လမ်းနှင့် လမ်း၇၀ ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) ရတနာပုံခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသင်းကြူအေး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကျော်နှင့် အမှုဆောင်များ၊ သက်ကြီးဆရာဝန်ကြီးများ စိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒေါက်တာခင်မောင်လွင် (Fame Pharmaceuticals Industry)က သက်ရှည်ကျန်းမာစေခြင်း ဆိုင်ရာနည်းလမ်းများ(Role of Telomere in Longevity)တို့ကို ဟောပြောပြီး တက်ရောက်လာသော ဆရာဝန်ကြီးများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည် ဖြေကြားပေးသည်။



ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) ဒုတိယ ဥက္ကဋ္ဌက ဟောပြောပေးသော ဒေါက်တာခင်မောင်လွင်အား ဂုဏ်ပြုလွှာပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်ပြည်သူ(မန္တလေး)**

*-*-*-*-*

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ပွင့်ဖြူ ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်တွင် ပဲကြီး ၁၈၄၆ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၈၅၁ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ "ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲကြီး ၁၈၄၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၈၅၁ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲကြီးသီးနှံ စိုက်ပျိုးတာနဲ့ ပတ်သက်ပြီး သီးနှံအရည်အသွေးနဲ့ အထွက်နှုန်းကောင်းဖို့အတွက် စိုက်ပျိုးရေးနည်းစနစ်တွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျ ဆောင်ရွက်နိုင်အောင် တောင်သူပညာပေး လုပ်ငန်းတွေကို ကြိုးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေ ပြောပြသည်။



ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံ ပဲကြီး စိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါ ကင်းရှင်းစေရေး စသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိသည်။

ပဲကြီးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုကို ဖူလုံပိုလျှံစေသာမက ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေ ပြောပြ၍ သိရသည်။

(အောက်ဝဲပုံ)

(၄၄၅)

*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သုံးဆယ့်တစ်ဘုံ မိဘဂုဏ်

* ယာတောစခန်း ရွာလမ်းသာယာ
စေတီတောင်ထိပ် အရိပ်ခိုဝင်မှာ
ဆုတောင်းပန်ထွာ မေတ္တာဝေမျှ
အနန္တရှင် ဂိုဏ်းတော်ဝင်
မိခင် ဖခင် တသည်နှင့်လေး။

* နှစ်ဖော်မိဘ ရွာကမခွာ
မြို့မှာကျောင်းထား ကောင်းစားလို့နေပါ
အမွေပညာ ဖွေရှာပေးနှင်း
လုပ်ကျွေးအစဉ် စိတ်ကူးယဉ်
ဥယျာဉ်မှူးမို့ ရင်းသည်နှင့်လေး။

* အကျန်အကြွင်း စားခြင်းရပ်တည်
သားနှင့်သမီး အားကြီးဖို့မျှော်သည်
ပညာအောင်စည် ရေကြည်သောက်ရေး
မကုန်မေတ္တာ စေတနာ
ကွယ်ရာကနေ ပေးသည်တဲ့လေး။

* နဖူးကချွေး စတေးခါခါ
နေပူစပ်ခါး လပ်လျားမနေသာ
အလုမရှာ သဘာဝဖြင့်
သုံးဆယ့်တစ်ဘုံ မိဘဂုဏ်
လုံခြုံလို့သာ တင့်သည်တဲ့လေး။

* အမြင့်ပျံရန်သာ အဖေဟာ ကျွေးတော့သည်။
အသင့်စံရန်သာ အမေဟာ မွေးတော့သည်။

**ကဗျာဇော်ဝင်း(မရှိမ)**



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၁)၊ ဦးပိုင်အမှတ်(၁၁၅-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်သွဲ့သွဲ့ခိုင်၊ ဒေါ်ခင်သူဇာဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဂရန်အမည်ပေါက်ပိုင်ဆိုင်ထားသူများဖြစ်ကြ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်သော ဒေါ်သွဲ့သွဲ့ခိုင်(ဘ)ဦးခင်မောင်သိန်း(၉/မရမ(နိုင်)၀၀၂၅၉၁)၊ ဒေါ်ခင်သူဇာဝင်း(ဘ) ဦးဝင်းမောင်(၉/မရမ(နိုင်)၀၈၂၅၅၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း  ဒေါ်စီစီစိန်  ဒေါ်လဲ့လဲ့နွယ်  ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ဃ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၃)နေ ဦးဝေလင်းအောင်(ဘ)ဦးမြင့်အောင်(၉/မနတ(နိုင်)၀၉၆၃၈၂)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးဝေလင်းအောင်၏ ညီမဖြစ်သူ ဒေါ်နီနီဝင်း(ဘ)ဦးမြင့်အောင်(၉/ခအဇ(နိုင်)၀၀၅၆၉၈)သည် မိခင်နှင့် အစ်ကိုများ၏ ဆိုဆုံးမမှုကို နာခံလိုက်နာခြင်းမရှိဘဲ မိသားစုအပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူဆောင်ရွက်လျက်ရှိပြီး ဒေါ်နီနီဝင်းသည် မိသားစုနှင့်အတူ နေထိုင်ခြင်းလည်းမရှိဘဲ မိသားစုနှင့် စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ တစ်စုံတစ်ရာ ပတ်သက်ဆက်နွှယ်ခြင်း မရှိပါ။ နောက်နောင်တွင် ဒေါ်နီနီဝင်းနှင့် ပတ်သက်သည့် ငွေရေးကြေးရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအား မိခင်နှင့် အစ်ကိုများမှ တစ်စုံတစ်ရာ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဝေလင်းအောင်၏ လွှဲအပ်ချက်အရ–**

**ဦးအောင်သိန်းဌေး (LL.B)  ဦးအောင်မြင့်ထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ  တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၇၄၇)၊ ၉၁လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ပလိုင်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၃၀၁၃၈၄၈၊ ၀၉-၇၈၉၆၅၆၃၁၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၉)၊ ဦးပိုင်နံပါတ်(၁၆)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ထိုက် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးလှိုင်(ဘ)ဦးဘစီ(၅/ရဘန(နိုင်)၁၆၀၆၆၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၉)၊ ဦးပိုင်နံပါတ်(၇)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသာပြည့်ထွန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချောစုလှိုင်(ဘ)ဦးရွှေ(၉/အမရ(နိုင်)၀၉၈၉၅၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၁)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ညွန့်ညွန့်(ဘ)ဦးမောင်ရွှင်(EMDY-၃၁၇၀၂၉) အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းခမ်းဝါ(ဘ)ဦးဘသန်း(၅/ဟမလ(နိုင်)၀၄၇၆၉၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးသန်းရွှေ  ဦးအောင်ဖြိုးမောင်  ဒေါ်နန်းဖြူဖြူအေး**

**B.A (Hist), H.G.P  LL.B  B.Sc . PGDL**

**(အထက်တန်းရှေ့နေများ)**

**၅၃လမ်းနှင့် ၁၁၀(A)လမ်းထောင့်၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အကွက်အမှတ်(ဗ-၁၄)၊ ဦးပိုင်အမှတ်(၅၂-ခ)မြေကွက်ထဲမှ အရှေ့ဘက်ခြမ်း ပေ(၁၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၄)၊ ဦးပိုင်အမှတ်(၅၂-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဝင်းတင့် အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက် ဖြစ်ပါသည်။ မြေကွက်ချထားပေးခြင်းခံရသူ ဦးဝင်းတင့်(ဘ)ဦးခင်အောင်(WDN-၁၇၂၈၇၅၊ ၉/ဝတန(နိုင်)၀၁၈၇၅၂)ထံမှ အရှေ့ဘက်ခြမ်း ပေ(၁၀×၃၀) အကျယ်အဝန်းရှိ မြေကွက်ကို ဒေါ်ပိုးပိုးရွှေမန်း(ဘ)ဦးရွှေမန်း(၉/ခမန(နိုင်)၀၃၀၆၃၆)ကိုင်ဆောင်သူမှ (၁၇-၇-၂၀၂၆)ရက်က အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေများ အပြေအကြေပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၅)၊ ဦးပိုင်အမှတ်(၆၆-က)၊ ဧရိယာ(၀ ဒသမ ၀၁၉၃)ဧက အကျယ်အဝန်းရှိ ဦးမြင့်မောင်(ပါ-၂)ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (ရေ+မီး)အပါအဝင် ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့ အမည်ပေါက်ပြီး တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူများဖြစ်ကြသည့် (၁)ဦးမြင့်မောင်(ဘ)ဦးထွန်းရင်(၉/မနမ(နိုင်)၀၂၇၉၇၃)၊ (၂)ဒေါ်ချစ်ချစ်(ဘ)ဦးလှအောင်(၉/မနမ(နိုင်)၀၂၇၉၇၄)တို့က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်လပြည့် (ဥပဒေဘွဲ့)**

**ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့)၊ ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့)၊ ဒေါ်ဝင်းမာ(ဥပဒေဘွဲ့)၊ ဒေါ်ထက်ထက်လှိုင်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးကျော်ရဲအောင် (ဥပဒေဘွဲ့)**

**အထက်တန်းရှေ့နေ**

**ရုံးခန်း – လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၅၅၉၂၆၊ ၀၉-၇၅၂၄၅၅၉၂၆၊ ၀၉-၉၄၀၇၉၀၀၉၉၊ ၀၉-၇၉၇၃၅၀၀၇၁၊ ၀၉-၄၀၂၆၄၇၆၂၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျီကုန်းရပ်ကွက်၊ မြို့ဦးလမ်းသွယ်(၇)တွင် နေထိုင်ကြသူများဖြစ်သော (၁)ဦးတင်မောင်အေး(ဘ)ဦးထွန်းကြိုင်(၁၃/ရငန(နိုင်)၀၄၅၈၀၅)၊ (၂)ဒေါ်ကြည်ကြည်ဝင်း(ဘ)ဦးထွန်းကြိုင်(၉/မခန(နိုင်)၀၂၇၂၂၁)၊ (၃)ဒေါ်ခင်စီဝင်း(ဘ)ဦးထွန်းကြိုင်(၉/မခန(နိုင်)၀၂၇၁၈၇)၊ (၄)ဦးကျော်မင်း(ဘ)ဦးထွန်းကြိုင်(၉/မရတ(နိုင်)၀၇၂၃၃)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဆည်တော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၆၀)၊ ဆည်တော်ကွင်း၊ ဧရိယာ(၁၉ ဒသမ ၆၈)ဧက အကျယ်အဝန်းရှိ ယာမြေကွက်အား အထက်အမည်ပါသူတို့၏ ဖခင် ဦးထွန်းကြိုင်မှ မိသားစုနှင့်အတူ ၁၉၇၈ ခုနှစ်ကတည်းက ဓားမဦးချ လက်ရှိလုပ်ကိုင်ခဲ့သော ယာမြေကွက်ဖြစ်ပါသည်။

မိဘများဖြစ်သည့် ဦးထွန်းကြိုင်+ဒေါ်ရွှေခင်တို့ ကွယ်လွန်ပြီးနောက် အထက်ပါဧရိယာဖြစ်သည့် (၁၉ ဒသမ ၆၈)ဧကအနက်မှ ဦးပိုင်အမှတ်(၈၆/၂)၊ ဧရိယာ(၅ ဒသမ ၉၄)ဧကနှင့် ဦးပိုင်အမှတ်(၉၀)၊ ဧရိယာ(၅ ဒသမ ၂၂)ဧကသာ လယ်ယာမြေပုံစံ(၇)နှင့် မြေစာရင်းပုံစံ(၁၀၅)တို့ ရရှိခဲ့ပါသည်။ ကျန်သည့် ယာမြေ ၉ ဧကကျော်အား အထက်အမည်ပါသူတို့မှ လယ်ယာမြေပုံစံ(၇) လျှောက်ထားရခြင်းမရှိသေးသည့်အပြင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အမည်ပေါက်ပြောင်းလဲပေးထားခြင်း၊ လွှဲပြောင်းပေးခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းထားခြင်းများ လုံးဝမရှိပါကြောင်းနှင့် ဦးတင်မောင်အေး၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ခင်စီဝင်း၊ ဦးကျော်မင်းတို့ သိရှိခြင်းမရှိဘဲ အမည်ပေါက်ပြုလုပ်ထားခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ပါက တရားမဝင်ကြောင်းနှင့် ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ –**

**၁။ ဦးတင်မောင်အေး**
**၂။ ဒေါ်ကြည်ကြည်ဝင်း**
**၃။ ဒေါ်ခင်စီဝင်း**
**၄။ ဦးကျော်မင်း**

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သဲဆုရည် (LL.B)  ဒေါ်သွယ်သွယ်စန်း (LL.B, D.B.L, D.I.L)**

**တရားလွှတ်တော်ရှေ့နေ  တရားလွှတ်တော်ရှေ့နေ**

**(စဉ်–၁၃၂၆၁/ ၃၁–၈–၂၀၁၇)  (စဉ်–၁၅၁၇၁/ ၁၃–၁၂–၂၀၁၈)**

မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၇၅၅၀၈၇၅၀၊ ၀၉–၉၇၇၅၁၁၁၈၉

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဇီ)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀ ဒသမ ၀၆၂) အကျယ်အဝန်းရှိ ဦးစန်းမောင် အမည်ပေါက်ရှိသော ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ခဲစင်းပြဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၁)ထပ်အဆောက်အဦ၊ လျှပ်စစ်မီတာ၊ ရေမီတာ၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိက မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ (၃၁-၁၂-၂၀၂၅)ရက်စွဲပါ တရားရုံးဒီကရီဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်-(၄၃/၂၀၂၆)အရ တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယင်းပစ္စည်းအရပ်ရပ်တို့ကို တရားဝင် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်မိုးငယ်ငယ်ဆွေ(အဘ)ဦးထွန်းမောင်(၉/မဟမ(နိုင်)၀၀၈၈၈၀) ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဦးဇော်မင်းလေး | ဒေါ်အိအိဖွေး | ဦးဇင်မင်းထိုက် | ဒေါ်ဆုမြတ်အောင် | ဒေါ်နီနီမြင့် | ဒေါ်ဆွေမြတ်ဇင်ဝင်း | ဒေါ်မေသူစာဝင်း |
|---|---|---|---|---|---|---|
| (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) |

**တရားလွှတ်တော်ရှေ့နေများ**

၂၈လမ်း၊ ၇၄လမ်းနှင့်၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၄၃၁၃၃၁၇၆၊ ၀၉-၆၈၈၉၈၈၀၀၁၊ ၀၉-၆၆၀၀၆၃၆၀၀၊ ၀၉-၄၀၂၆၃၉၇၆၆

## အများသိစေရန်ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၂)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးဇော်ဝင်း အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်းတွင် တိကျစွာ ပိုင်းခြားထားသည့် ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုကမ်းလှမ်းရောင်းချသူ- ဒေါ်မေသက်ထွန်း(ဘ)ဦးထွန်းရွှေ(၉/မရမ(နိုင်)၀၀၁၂၁၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြသည့် စာချုပ်စာတမ်းများနှင့်တကွ ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

ဦးငွေအောင် (ဥပဒေတွဲ့) — တရားလွှတ်တော်ရှေ့နေ
ဦးအောင်ဇော်မြင့် (LL.B) — တရားလွှတ်တော်ရှေ့နေ
ဒေါ်ခင်ပြုံးဝင်း (LL.B) — တရားလွှတ်တော်ရှေ့နေ
ဦးမင်းချစ်သူ (LL.B) — အထက်တန်းရှေ့နေ
ဒေါ်စာခြည်ဝင်း (LL.B) — တရားလွှတ်တော်ရှေ့နေ

၂၈လမ်းနှင့် လမ်း၇၀ထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၂၂၄၄၀၊ ၀၉-၉၇၅၃၀၂၇၀၈၊ ၀၉-၂၀၃၇၇၇၃

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၀)၊ ဦးပိုင်နံပါတ်(၃၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးမြသင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သူသူအောင်(ဘ)ဦးစိုးအောင်ဇော်(၉/ခမစ(နိုင်)၀၄၁၁၈၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

ဒေါ်သူစာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)
၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀

## အများသိစေရန်ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၈)တွင် တည်ရှိသော ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ ဒသမ ၀၅၁၄)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အဆောက်အဦး(ရေမီးအစုံအလင်) အပါအဝင် မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ရှိပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုကမ်းလှမ်းရောင်းချသူ- ဦးတင်ဝင်း(ဘ)ဦးဘသန်း(၉/ပသက(နိုင်)၀၁၂၄၁၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြသည့် စာချုပ်စာတမ်းများနှင့်တကွ ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

ဦးငွေအောင် (ဥပဒေတွဲ့) — တရားလွှတ်တော်ရှေ့နေ
ဦးအောင်ဇော်မြင့် (LL.B) — တရားလွှတ်တော်ရှေ့နေ
ဒေါ်ခင်ပြုံးဝင်း (LL.B) — တရားလွှတ်တော်ရှေ့နေ
ဦးမင်းချစ်သူ (LL.B) — အထက်တန်းရှေ့နေ
ဒေါ်စာခြည်ဝင်း (LL.B) — တရားလွှတ်တော်ရှေ့နေ

၂၈လမ်းနှင့် လမ်း၇၀ထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၂၂၄၄၀၊ ၀၉-၉၇၅၃၀၂၇၀၈၊ ၀၉-၂၀၃၇၇၇၃

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၁)၊ ဦးပိုင်အမှတ်(၃၅)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် မောင်ဆွေ(ဘ)ဦးကျော်စိန် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (မြောက်ဘက်အစွန်းဆုံးအခြမ်းနှင့်ကပ်လျက် တောင်ဘက်ပိုင်း) အရှေ့အနောက် ပေ(၄၀)၊ တောင်မြောက် (၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော (၁)ဒေါ်သင်းသင်းအေး(ဘ)ဦးချစ်စိန်(၉/မရတ(နိုင်)၁၃၁၇၇၂)၊ (၂)ဒေါ်မာမာထွေး(ဘ)ဦးကျော်ညွန့်(၈/ပခက(နိုင်)၁၆၅၇၆၉) ကိုင်ဆောင်သူများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

ဦးသက်နိုင်စိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)
ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B)
(အထက်တန်းရှေ့နေများ)
(နန-၁၃ / ၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁

## ဒေါ်ထားထားရီ(၉ / မကန(နိုင်)၀၇၈၆၅၆) ကိုင်ဆောင်သူနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်(၈၁၉)နေ ဦးဝင်းမြင့်(ဘ)ဦးအောင်ညွန့်(၅/ယမပ(နိုင်)၀၆၉၃၃၂) ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၉)၊ ဦးပိုင်အမှတ်(၁၇-ဃ)၊ ဧရိယာ (၀ ဒသမ ၀၄၉၈)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်လီချင့် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အမည်ပေါက်သူ ဒေါ်လီချင့်မှ မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၂၄-၁၁-၂၀၁၁)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၂၆၃/၂၀၁၁)ဖြင့် ဒေါ်ထားထားရီ(ဘ)ဦးထွန်းစော(၉/မကန(နိုင်)၀၇၈၆၅၆) ကိုင်ဆောင်သူအား လွှဲအပ်ထားပြီး ယနေ့အချိန်ထိ ဒေါ်ထားထားရီအား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာမှာ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင် ရုပ်သိမ်းပယ်ဖျက်ထားခြင်းမျိုးမရှိဘဲ အတည်ပြုလျက်ရှိနေပါသောကြောင့် အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ဒေါ်ထားထားရီမှာ ဒေါ်လီချင့်ကိုယ်စား ရောင်းချပိုင်ခွင့်အပြည့်အဝရှိပြီး ရောင်းချသူဟု အဆိုပြုသူ ဒေါ်ထားထားရီမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းမြင့်အား ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းပြောဆိုခဲ့သည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ အဆိုပါမြေကွက်အား ဝယ်ယူရန် သဘောတူညီခဲ့ပါသည်။ ထို့နောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ထားထားရီကိုယ်တိုင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်-(၁၀၅/၁၀၆) ကူးယူထားသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ နိုင်ငံတော်သို့ တရားဝင် အခွန်အခများ ပေးဆောင်ပြီး မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုကာ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ယနေ့အချိန်ထိ ကျွန်ုပ်တို့၏မိတ်ဆွေ လက်ရှိထား နေထိုင်အသုံးပြုလျက်ရှိသော မြေကွက်ဖြစ်ပါကြောင်း ဒေါ်ထားထားရီနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
ဦးဝင်းမြင့်
၅/ယမပ(နိုင်)၀၆၉၃၃၂

**လွှဲအပ်ချက်အရ**
ဒေါ်စပယ်ငွေး (LL.B) — တရားလွှတ်တော်ရှေ့နေ
ဒေါ်ဝေဝေသင် (LL.B) — အထက်တန်းရှေ့နေ
ဖုန်း ၀၉-၄၀၂၅၇၃၂၈၄၊ ၀၉-၂၅၉၀၄၇၅၄၉

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၅၁)၊ ဦးပိုင်အမှတ်(၂၄)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးသန်းငွေး အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (တောင်ဘက်အစွန်းဆုံးအခြမ်း) အရှေ့အနောက် ပေ(၄၀)၊ တောင်မြောက် (၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးအောင်သူ(ဘ)ဦးငွေဦး(၁၃/မဘန(နိုင်)၀၂၄၁၆၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

ဦးသက်နိုင်စိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)
ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B)
(အထက်တန်းရှေ့နေများ)
(နန-၁၃ / ၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၃)၊ ဦးပိုင်နံပါတ်(၆၉) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးစံသိန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြတ်ဇော်ဦး(ခ)ဦးဇော်ဦး(ဘ)ဦးကျော်သိန်း(၉/မနမ(နိုင်)၀၅၂၈၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေအားလုံးကို အပြေအကြေ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၂)၊ ဦးပိုင်နံပါတ်(၃၂) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးကျော်ညွှန့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း ပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်ထွန်းသန်း(ဘ)ဦးလှထွန်း(၉/ပကခ(နိုင်)၀၀၂၀၁၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ-၂၆)၊ ဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးထူးထူးလတ်(ဘ)ဦးမြသန်း အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏(တောင်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အိအိထွေး(ဘ)ဦးအောင်လှ(၈/ရစက(နိုင်)၁၃၉၆၇၉) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B)**
**အထက်တန်းရှေ့နေများ**
**(နန-၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃၂)၊ ဦးပိုင်အမှတ်(၂၆)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန့်မြေကွက်သည် ဦးငွေးဝင်း(ဘ)ဦးဘသောင်း အမည်ဖြင့် နှစ်(၃၀)ဂရန့်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏(မြောက်ဘက်အစွန်ဆုံးအခြမ်း)၊ အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိသော ဂရန့်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန့်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ကြည်ကြည်ဝင်း(ဘ)ဦးဂိုမင်တာ(၅/ကသန(ပြု)၀၀၀၀၆၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ကိုင်ဆောင်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ်(၁၀-က/၂)၊ ဧရိယာ(၀ ဒသမ ၀၂၆၀)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်ခင်ခင်အေး(ဘ)ဦးဘကြည်(၉/မနမ(နိုင်)၀၉၂၂၃၁)နှင့် ၂။ ဦးညွှန့်ဝေ(ခ)မာမက်(ဘ)ဦးသန်းညွှန့်(၉/မနမ(နိုင်)၀၉၃၉၉၀)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၄)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးမျိုးသန့်ဇင် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက အမည်ပေါက်ပိုင်ဆိုင်ခဲ့၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးသန့်ဇင်(အဘ)ဦးရန်ပါချုန်(ခ)ဦးအေး(၉/မရမ(နိုင်)၀၈၅၅၄၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၃)၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးအောင်မှတ် အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့က ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဒေါ်မီလာအောင်(အဘ)ဦးတင်အောင်(၉/ခအဇ(နိုင်)၀၀၀၆၉၈)၊ ဦးထွန်းဝင်းအောင်(အဘ)ဦးတင်အောင်(၉/ခအဇ(နိုင်)၀၀၀၆၉၇)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၃၂)၊ ဦးပိုင်အမှတ်(၆၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးညွှန့်ဝေ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏(မြောက်ဘက်ခြမ်း)၊ အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက်ပေ(၃၀) အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးပေါ်ထွေး(ဘ)ဦးအုန်းဖေ(၉/မရမ(နိုင်)၀၇၄၉၉၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲများ ပြုလုပ်သည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများ အလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားသည်။



အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင် ပစ္စည်းများ ပေးအပ်ပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။



ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလို ကြားသိရပါသည်-

၁။ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂၇)က ကိုယ့်သဘော ကိုယ့်ဆန္ဒနဲ့ ဝင်ရောက်ခဲ့တာပါ။ ဒီပြည်သူ့စစ်မှုထမ်းဥပဒေကို ချမှတ်ထားတဲ့အပေါ် နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်တဲ့အတွက် ဒီဥပဒေကို ချမှတ်ထားတယ်လို့ပဲ ထင်ပါတယ်။ အခုလို အခြေခံစစ်ပညာတွေကို လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် ကျွန်တော်တို့ ကိုယ်တိုင်အတွက်ရော မိသားစုအတွက်ရော တိုင်းပြည်အတွက်ရော ကာကွယ်နိုင်မယ်လို့ ထင်ပါတယ်။ သင်တန်းကာလမှာ ဆရာတွေသင်ပေးတဲ့ သင်ခန်းစာမှန်သမျှကို အကောင်းမွန်ဆုံး လေ့ကျင့်လိုက်နာပြီးတော့ ကိုယ့်အပေါင်းအသင်း သူငယ်ချင်းတွေနဲ့ တန်းတူညီတူ အကုန်လုံးဖြစ်အောင် အကောင်းဆုံးလိုက်နာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ “ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်”ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကျွန်တော်ကတော့ အဲဒီလိုမျိုး စိတ်ဓာတ်ခံယူပြီးတော့ ဆောင်ရွက်သွားမှာပါ။



၂။ ကျွန်တော် စစ်သားတစ်ယောက်ဖြစ်ချင်လို့ပါ။ ကိုယ့်ခံယူချက်နဲ့ ကိုယ့်ဘာသာ ဝင်လာတာပါ။ ကျွန်တော့် အစ်ကိုလည်း ရှေ့အပတ်စဉ်တုန်းက ဝင်သွားတာရှိတယ်။ စစ်မှုထမ်းဖို့ ကျွန်တော်တို့ကို လူခေါ်တယ်။ ဒါကြီးကို ရှောင်လွှဲနေလည်း အချိန်တန်ရင် ကိုယ့်အလှည့် ကျလာမှာပဲ။ ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ့်ဘာသာ ဝင်လိုက်တာက အကောင်းဆုံးပဲ ထင်တယ်။ အဲဒါကြောင့်မို့ ကျွန်တော်ဝင်ဖြစ်တာပါ။ နောက်လာမယ့် အပတ်စဉ်က ညီအစ်ကိုတွေလည်း လာခဲ့ပါ။ ဘာမှ မကြောက်ပါနဲ့။ အဲဒါပဲပြောချင်ပါတယ်။



၃။ ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ကနေ လာရောက်ပြီး စစ်မှုထမ်းဆောင်တာ ဖြစ်ပါတယ်။ ကိုယ်တိုင်လည်း စိတ်ပါလို့ လာရောက် တက်ရောက်တာပါ။ ဆရာတွေ သင်ကြားပို့ချပေးတာတွေကို သေချာအကောင်းဆုံး လိုက်နာမှာပါ။ အမေကတော့ အကောင်းဆုံး ကြိုးစားဖို့။ သင်တန်း သုံးလမှာ ဆရာတွေရဲ့ စကားကိုလည်း နားထောင်ဖို့ မှာတယ်။ အဖေက စစ်သားပါ။ အဖေကလည်း မှာတယ်။ စစ်သားလုပ်ရင် အမိန့်ကိုနာခံပါ။ နောက်ထပ်ဝင်ဖို့ရှိတဲ့ ညီအစ်ကိုတွေကို ကြိုဆိုပါတယ်။ ဒီမှာ တော်တော်ကောင်းပါတယ်။

သတင်းစဉ်



## မြန်မာနှင့် လာအိုတို့ ယနေ့ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဩဂုတ် ၃**

အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF)မှ ကြီးမှူးကျင်းပသည့် AFF Championship Hyun-dai Cup 2026 ပြိုင်ပွဲ အုပ်စု(B) တတိယပွဲအဖြစ် မြန်မာနှင့် လာအိုအသင်းတို့ ဩဂုတ် ၄ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။



မြန်မာအသင်းသည် အုပ်စု (B)တွင် မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိပြီး အုပ်စုပထမပွဲတွင် မလေးရှားအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း၊ အုပ်စုဒုတိယပွဲတွင် ဖိလစ်ပိုင်အသင်းကို အနိုင်ရယူထားသည်။

မြန်မာအသင်းသည်ဩဂုတ် ၄ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ လာအိုအသင်းနှင့် ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်ကို MRTV HD Channelနှင့် MRTV Sports Channel တို့မှ တိုက်ရိုက် Live ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **နိုင်ကမ္ဘာ**

## Young Lionesses အသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း

**ရန်ကုန် ဩဂုတ် ၃**

Myanmar Women League 2026-27 (week-8) ပွဲစဉ်တစ်ပွဲဖြစ်သည့် ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းနှင့် Young Lionesses အသင်းတို့ ပွဲစဉ်ကို ယနေ့ညနေ ၃နာရီခွဲ၌ YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး ရန်ကုန်အမျိုးသမီးအသင်းက လေးဂိုး၊ နှစ်ဂိုးနှင့် Young Lionesses ကို အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၅၇မိနစ်နှင့် (၉၀+၂)မိနစ်တွင် ဇင်မိုးပြည့်၊ ပွဲချိန် ၆၆မိနစ်နှင့် ၈၆မိနစ်တွင် နှင်းဝေနှင်းတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစဉ် ရှစ်ပွဲကစား၊ ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ ရမှတ် ၁၆ မှတ်ရရှိထားပြီး လာမည့် ဩဂုတ် ၈ ရက်တွင် Yangon City အသင်းနှင့် YUSC ကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

